၁၃၄၃ - ခုနှစ် တပို့တွဲလ

ဝေဠုဝန်နိကာယဂိုဏ်း

မဟာနာယကာဓိပတိ ဆရာတော်ဘုရားကြီး အမှူးရှိသော

နာယကဆရာတော်များ၏

# နှစ်ပတ်လည်သံဃာ့အစည်းအဝေးပွဲကြီး

# မှတ်တမ်း

အစည်းအဝေးတာဝန်ခံဌာန

စမ်းကျောင်းတိုက်

ပထမအကြိမ်　　မရမ်းကျေးရွာ　　ဓမ္မဒါန

ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။

၁၃၄၄-ခုနှစ်။　　တပေါင်းလ။　　၁၉၈၃-ခုနှစ်။

၁၃၄၃-ခုနှစ် တပို့တွဲလ

ဝေဠုဝန်နိကာယဂိုဏ်း

## မဟာနာယကာဓိပတိ ဆရာတော်ဘုရားကြီး အမှူးရှိသော

နာယကဆရာတော်များ၏

# နှစ်ပတ်လည်သံဃာ့အစည်းအဝေးပွဲကြီး

# မှတ်တမ်း

အစည်းအဝေး တာဝန်ခံဌာန

ဇမ်းကျောင်းတိုက်

မရမ်းကျေးရွာ

ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။

ပထမအကြိမ်

ဓမ္မဒါန

၁၃၄၄-ခုနှစ်။ တပေါင်းလ။ ၁၉၈၃-ခုနှစ်။

ထုတ်ဝေသူ — ဦးသုန္ဒရာဘိဝံသ ၁၂-စခန (သ) ၀၀၀၆၄၅
ဝေဠုဝန်ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ကင်းလွတ်ခွင့် အမှတ် (၁၀၇)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၀၉၃၀)

ပုံနှိပ်သူ — ဦးသိန်းဝင်း မှတ်ပုံတင် အမှတ်- ၀၂၁၅၅
သုဓမ္မဝတီစာပုံနှိပ်တိုက်၊
အမှတ် ၅၃၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

## ဓမ္မဒါန

ပထမအကြိမ် အုပ်ရေ ၁၀၀၀။
ခုနှစ်၊ တပေါင်းလ၊ ၁၉၇၃- ခု၊ မတ်လ။

မျက်နှာဖုံးရိုက် - သုဓမ္မဝတီစာပုံနှိပ်တိုက်။

ဝေဠုဝန်နိကာယဂဏသမုဒ္ဒါပက

# ဒုတိယမဟာနာယကာဓိပတိ



**ကြည့်မြင်တိုင်-ဝေဠုဝန် ဆရာတော်ဘုရားကြီး**

သက်တော် ( ၇၈ ) နှစ်၊ သိက္ခာတော် ( ၅၉ ) ဝါ။

# ဝေဠုဝန်နိကာယ ဆဋ္ဌမဟာနာယကာဓိပတိ



## ခမ်းကျောင်း–ဆရာတော်ဘုရားကြီး

သက်တော် ( ၈၄ ) သိက္ခာတော် ( ၆၅ ) ဝါ။

## ဝေဠုဝန်နိကာယ မဟာနာယကာဓိပတိဆရာတော်အမှူးရှိသော

## နာယကဆရာတော် ဘုရားကြီးများ၏

# နှစ်ပတ်လည် သံဃာ့အစည်းအဝေးပွဲကြီး မှတ်တမ်း

သာသနာတော်သက္ကရာဇ် ၂၅၂၅-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၃-ခုနှစ် တပို့တွဲလပြည့်ကျော် (၁၁)ရက် (၁၉-၂-၈၂) သောကြာနေ့သည် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မရမ်း,ကွမ်သဲကျေးရွာ ဝေဠုဝန်နိကာယ မဟာနာယကာဓိပတိဆရာတော်ဘုရားကြီး၏ သီတင်းသုံးနေထိုင်တော်မူရာ (စမ်းကျောင်း)မည်တွင် စန္ဒာသီဝံကျောင်းတိုက်ကြီးအတွင်း၌ ထူးကဲအံ့ဩဖွယ်ရာ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံလုံးဆိုင်ရာ ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ မဟာနာယကာဓိပတိဆရာတော်ဘုရားကြီး အမှူးရှိသော နာယကဆရာတော်ဘုရားကြီးများ၏ နှစ်ပတ်လည် သံဃာ့အစည်းအဝေးပွဲကြီးကို ဆင်ယင်ကျင်းပရာ နေ့ထူးနေ့မြတ်ကြီးဖြစ်ပါသည်။

ထိုအစည်းအဝေးပွဲကြီးသို့ ဧရာဝတီတိုင်း ပုသိမ်အနောက်ပိုင်းမြို့နယ်, ပုသိမ်အရှေ့ပိုင်းမြို့နယ်, မြောင်းမြမြို့နယ်, ငပုတောမြို့နယ်, သာပေါင်းမြို့နယ်, ကျောင်းကုန်းမြို့နယ်, ဟင်္သာတမြို့နယ်, ဇလွန်မြို့နယ်, အင်္ဂပူမြို့နယ်, မြန်အောင်မြို့နယ်, ကြံခင်းမြို့နယ်, ညောင်တုန်းမြို့နယ်, ကျိုက်လတ်မြို့နယ်တို့မှ လည်းကောင်း၊

ပဲခူးတိုင်း ပြည်မြို့နယ်, ရွှေတောင်မြို့နယ်, ပန်းတောင်းမြို့နယ်, အုတ်ဖိုမြို့နယ်, မင်းလှမြို့နယ်, မိုးညိုမြို့နယ်တို့မှ လည်းကောင်း၊

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်, ဗဟန်းမြို့နယ်, ကမာရွတ်မြို့နယ်, ကြည့်မြင်တိုင်မြို့နယ်, မြောက်ဥက္ကလာပမြို့နယ်, မင်္ဂလာဒုံမြို့နယ်, လှည်းကူးမြို့နယ်, သာကေတမြို့နယ်, သံလျင်မြို့နယ်, ခရမ်းမြို့နယ်တို့မှ လည်းကောင်း၊

တနင်္သာရီတိုင်း မြိတ်အရှေ့မြို့နယ်, ကရင်ပြည်နယ် ဖားအံမြို့နယ်မှ လည်းကောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်, ဘီးလင်းမြို့နယ်, သထုံမြို့နယ်, မုဒုံမြို့နယ်, ချောင်းဆုံမြို့နယ်တို့မှ လည်းကောင်း (၄၀၀)ကျော်မျှ ဆရာတော် သံဃာတော်များ တက်ရောက်ကြပါသည်။

# ၁၃၄၃-ခုနှစ်
# ဝေဠုဝန်နိကာယဂိုဏ်း သံဃာ့အစည်းအဝေးပွဲကြီး
# အခမ်းအနား အစီအစဉ်

၁၃၄၃-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ( ၁၁ )ရက် သောကြာနေ့။

၁ နေ့လည် ( ၁၂း၃၀ ) နာရီအချိန်တွင် ညွှန့်ခံရာဓမ္မာရုံမဏ္ဍပ်သို့ လူပရိသတ်များ အညီအညွတ် စည်းဝေးရောက်ရှိနေကြရန်။

၂ ( ၁၂း၄၀ ) နာရီအချိန်တွင် သံဃာတော်များ ပင့်ဆောင်ရန်။

၃ မဟာနာယကာဓိပတိဆရာတော်ဘုရားကြီးအား အခမ်းအနားဖြင့် ပင့်ဆောင်ရန်။

၄ ဆရာတော်ဘုရားကြီး စည်းဝေးခန်းမမုခ်ဦးဝသို့ ရောက်ရှိလာသောအခါ သံဃာတော်များနှင့် လူပရိသတ်များက လက်အုပ်ချီမိုး ရှိခိုးနေကြရန်။

၅ လူပရိသတ်များက သီလခံယူ၍ သံဃာတော်များက မေတ္တသုတ် ပရိတ်တော်မြတ် ရွတ်ဖတ်တော်မူကြရန်။

၆ အခမ်းအနား စတင်ဖွင့်လှစ်ရန်။

၇ ပြည်နယ်သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရွှေသိန်းက သာသနာရေးအားပေးစကား ပြောကြားရန်။

၈ မဟာနာယကာဓိပတိဆရာတော်၏ ဩဝါဒကို နာကြားကြရန်။

၉ ဂဏရက္ခိတ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို နာယူကြရန်။

၁၀ ဝေဠုဝန်နိကာယဂိုဏ်း ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော်က တနှစ်အတွင်းဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အချက်အလက်စသည်တို့ကို တင်ပြ လျှောက်ထားရန်။

၁၁ ပြည်နယ်, တိုင်း, မြို့နယ်အသီးသီးမှ အကျိုးတော်ဆောင် ဆရာတော်များက တင်ပြလျှောက်ထားရန်။

၁၂ အထွေထွေ ပြင်ဆင်မှု, အကြံဉာဏ်ပေးမှုများကို ဆွေးနွေးရန်။

၁၃ လစ်လပ်၍ အသစ်တင်မြှောက်အပ်သော ဩဝါဒါစရိယ, မဟာနာယက, အနုနာယက အကျိုးဆောင်ဆရာတော်များ၏ ဘွဲ့အမည်စာရင်းကို ဖတ်ကြားကြေငြာရန်။

၁၄ ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ လာမည့်နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီး ကျင်းပရာ ဌာနကို ကြေငြာရန်။

၁၅ ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ကတိကာကျင့်ဝတ်စည်းကမ်းများကို ဖတ်ကြားရန်။

၁၆ မွန်ပြည်နယ် အစည်းအဝေးဌာန သံဃာတော်များက အနယ်နယ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်များအား တောင်းပန်လျှောက်ကြားရန်။

၁၇ သံဃာ့အစည်းအဝေးပွဲသို့ အနယ်နယ်မှ ကြွရောက်တော်မူကြသော သံဃာတော်များက ဝမ်းမြောက်ကြောင်း လျှောက်ထားရန်။

၁၈ မဟာနာယကာဓိပတိဆရာတော်ကြီးမှစ၍ ကြီးကုန်ကြီးကုန်သော ဆရာတော် သံဃာတော်များအား အစ္စယဒေသနာတော်နှင့်အညီ တောင်းပန်ကန်တော့ကြရန်။

၁၉ အခမ်းအနား ရုပ်သိမ်းရန်။

## ၁၃၄၃–ခုနှစ် တပို့တွဲလပြည့်ကျော် (၁၁) ရက် သောကြာနေ့

၁ အစီအစဉ်အရ - နေ့လည် ( ၁၂ )နာရီမှစ၍ ပြည်နယ်သာသနာရေးမှူးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ, မြို့နယ်သာသနာရေးမှူး, ပြည်နယ်ပြည်သူ့ကောင်စီ, မြို့နယ်ပြည်သူ့ကောင်စီ, ရေတပ်ဗိုလ်မှူးနှင့် အဖွဲ့များ, ကျေးရွာ အလှူ့ဒါယကာ-ဒါယိကာမများ အစုံအညီ စည်းဝေးရောက်ရှိလာကြပါသည်။

၂ အစီအစဉ်အရ - ( ၁၂း၄၀ )နာရီအချိန်တွင် လူထုပရိသတ်များ အစည်းအဝေး ဓမ္မာရုံသို့ စုံညီစွာရောက်ရှိသောအခါ ပြည်နယ်,တိုင်း,မြို့နယ်အသီးသီးမှ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား အစည်းအဝေး မဏ္ဍပ် ဓမ္မာရုံသို့ ပင့်ဆောင်ရောက်ရှိနေကြပါသည်။

၃ အစီအစဉ်အရ - လူထုပရိသတ်နှင့် သံဃာတော်များ စုံညီရောက်ရှိကြသောအခါ ( မဟာနာယကာဓိပတိ ) ဆရာတော်ဘုရားကြီးအား ကွမ်းတောင်, ပန်းတောင်ကိုင် ရွှေထီးမိုးကာ နတ်ပြဟ္မာများခြံရံလျက် အခမ်းအနားကျင်းပရာမဏ္ဍပ် ဓမ္မာရုံသို့ ပင့်ဆောင်လာကြပါသည်။

၄ အစီအစဉ်အရ - ဆရာတော်ဘုရားကြီး မဏ္ဍပ်ဓမ္မာရုံမုခ်ဦးဝသို့ ရောက်ရှိသောအခါ ( ဝေဠုဝန်နိကာယ မဟာနာယကာဓိပတိ ဆရာတော်ဘုရားကြီး ) ကြွလာပါပြီဟု ကြွေးကြော်လိုက်သည်နှင့် တပြိုင်နက်တည်း သံဃာတော်များနှင့် လူပရိသတ်ကြီးက ဆရာတော်ဘုရားကြီး( ထေရာသနပလ္လင် )ပေါ်သို့ ရောက်သည်အထိ လက်အုပ်ချီလျက် အရိုအသေပြုကာ နေကြပါသည်။

၅ အစီအစဉ်အရ - ဆရာတော်ဘုရားကြီး ( ထေရာသနပလ္လင် )ပေါ် ထိုင်ပြီးသည်နှင့်

(က) လူထုပရိသတ်က ဆရာတော်ဘုရားကြီးအား ကန်တော့၍ ငါးပါးသီလ ခံယူကြပါသည်။

(ခ) သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားကို ရွတ်ဆိုပွားများကြပါသည်။

၆ အစီအစဉ်အရ - အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ရန်အချိန်ကို ကြားလျှောက် သောအခါ သထုံမြို့ ဖေါင်တော်ဦးဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးတေဇိန္ဒက အောက်ပါဂါထာဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပါသည်။

## မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် မရမ်းကျေးရွာ
## စန္ဒာသီဝံ (ခေါ်) စမ်းကျောင်းတိုက်၌ ကျင်းပသော
## ဝေဠုဝန်နိကာယသံဃနာယက ဆရာတော်များ၏
## နှစ်ပတ်လည် အစည်းအဝေးပွဲ

# အခမ်းအနား အဖွင့် ဂါထာ

မွန်နာမဌာနိယန္တရေ၊ ချောင်းဆုံတိပုဋ္ဌဘေဒနေ။
မရမ်းနာမ မဟာဂါမေ၊ စန္ဒာသိဝန္တိအာဿမေ။
ဝေဠုဝန်နိကာယဘိက္ခူနံ၊ သံဃနာယကသံသဒံ။
နိကာယဝုဒ္ဓိံသန္ဓာယ၊ ကရိဿံ ဒါနိ သာဓုကံ။

မွန်နာမဌာနိယန္တရေ၊ ကိုယ်နှုတ်နှလုံး သုံးပါးအစဉ် ယဉ်ကျေးစေကြောင်း ကောင်းစွာဆုံးမ အသုံးကျသည့် ဗုဒ္ဓမြတ်စွာ သာသနာ၌ လွန်စွာသက်ဝင် ယဉ်ကျေးမှုစိုက်ခင်း ပြည်ထောင်စုတွင် အစပျိုးသော မွန်ပြည်နယ်အတွင်းဝယ်။ ချောင်းဆုံတိပုဋ္ဌဘေဒနေ၊ သွားလမ်း,လာလမ်း ဖြောင့်တန်း လွယ်ကူနယ် သူနယ်သား ဖောက်ကားရောင်းဝယ် တင့်တယ်စုံလင် ပျော်ရွှင်လူတို ချောင်းဆုံမြို့တွင်။ မရမ်းနာမ မဟာဂါမေ၊ လယ်ယာဥယျာဉ် လုပ်ခွင်သာယာ သွားလာလွယ်ရေး မြစ်နဘေးတွင် စုဝေးတည်နေ အိမ်ခြေသွယ်သွယ် ရှုဖွယ်မငြီး မရမ်းအမည်ရှိသော ကျေးရွာကြီးမှာ။ စန္ဒာသိဝန္တိအာဿမေ၊ ဝေဠုဝန်နိကာယ သံဃရာဇာ ဂဏာဓိပတို စံသည့်နေရာ စန္ဒာသိဝံအမည်ဖေါ် မှည့်ခေါ်သမိုက် စမ်းကျောင်းတိုက်၌။ ဝေဠုဝန်နိကာယဘိက္ခူနံ၊ သီးလုံး သင်္ဃာ တဖြာရွှေကျင် ထို့ပြင်အုတ်ဖို ထိုထိုရွှေသွား လေးစားအပ်ပြီး ဆရာတော်ဘုရားကြီးတို့၏ ထံနီးကျင့်သုံး ဂူကိုးလုံးဆရာတော် ထင်ပေါ်ကျော်ကြား တပည့်များတွင် ဉာဏ်သွားစူးရှ ကျင့်လှသူမွန် (အရှင်ပဏ္ဍဝံသ) ပထမဝေဠုဝန် ထူးချွန်ပညာ ကျင့်မှာထိပ်ခေါင် မြားမြောင်စဉ်ဆက် မပျက်ဆင့်ပွား ဝေဠုဝန်ဂိုဏ်းဝင် ရဟန်းတော်အများတို့၏။ သံဃနာယကသံသဒံ၊ ဝေဠုဝန်နိကာယ သံဃာ့အကြီးအမှူး ဦးစီးမြားမြောင် ခေါင်းဆောင်ရွှေသွား နာယကဆရာတော်များ၏ ထွေပြားကိစ္စ အဝဝကို ကျနဆွေးနွေး သံဃနာယကအစည်းအဝေးကို။ နိကာယဝုဒ္ဓိံသန္ဓာယ၊ ဝေဠုဝန်နိကာယ သံဃာ့ဂိုဏ်းဝင် ထေရ်အရှင်တို့ စည်ပင်ဖွံ့ဖြိုး ပညာတိုး၍ ကောင်းကျိုးသုံးသပ် ကျင့်မြတ်စုံစု ကြီးပွားမှုကို ယခုအခါ ဆရာစဉ်ဆက်

ထုံး,မပျက်အောင် ရှက်ဆောင်ဦးတည် စိတ်ရွယ်ရည်၍။ ဒါနီ·ဌာဒါနီ၊ တထောင့်သုံးရာလေးဆယ်သာသည့် သုံးဖြာစွန်းလစ် ( ၁၃၄၃ )သက္ကရာဇ်အတွင်း ငွေနှင်းစိုစို ချမ်းပိုလွန်ကဲ တပို့တွဲမာသ ကာဠဆုတ်ပက်( ၁၁ )ရက်မြောက် သောကြာနေ့ဟူသော ဤအချိန်, ဤကာလ, ဤအခါသမယဌ်၊ သာဓုကာ၊ ဆရာကောင်းတပည့် ညှိနှိုင်းတိုင်ပင် ကြည်လင်သာယာ ညီညာစုပေါင်း ကောင်းမွန်လှစွာ။ ကရိယံ·ကရိယာမ၊ ရှေးကထင်ပေါ် ဆရာတော်များ ချမှတ်ထားသည့် ကောင်းစားစေရိုး အကျင့်မျိုးကို မချိုးမဖောက် မကွယ်ပျောက်ပဲ တောက်ပြောင်စေကြောင်း စိတ်ထားကောင်းဖြင့် စုပေါင်း ညီညာ ပြုလုပ်ကြပါတော့မည်ဘုရား။ (ပြုလုပ်ကြပါကုန်စို့ဘုရား။)

( သီကုံးရေးသားသူ )

**ဦးမင်းကြည် ( ဓမ္မာစရိယ–ဘီအေ )**

လက်ထောက်သုတေသနမှူး၊ သုတေသန နှင့် ကျမ်းပြုဌာနခွဲ။

## ၇ အစီအစဉ်အရ - မွန်ပြည်နယ်သာသနာရေးမှူးက အောက်ပါအတိုင်းလျှောက်ထားပါသည်။

### ဝေဠုဝန်နိကာယဂိုဏ်းနာယကဆရာတော်ဘုရားကြီးများ၏နှစ်ပတ်လည်သံဃာ့အစည်းအဝေးပွဲတွင် မွန်ပြည်နယ် သာသနာရေးမှူး၏ လျှောက်ထားလွှာပါဘုရား။

ဝေဠုဝန်နိကာယဂိုဏ်းဝင် ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား- မွန်ပြည်နယ် သာသနာရေးမှူး ဘုရားတပည့်တော် ရွှေသိန်း လေးစားရိုသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်ဘုရားများသည် မြန်မာနိုင်ငံတော်အတွင်း အမြို့မြို့အနယ်နယ်မှ ကိုယ်ပင်ပန်း စိတ်ပင်ပန်းမှုကို ပဓာနမထားပဲ ကြွလာတော်မူကြကာ နှစ်ပတ်လည် သံဃာ့အစည်းအဝေးပွဲကြီးတွင် မဟာနာယကာဓိပတိ စသော ဆရာတော်ဘုရားကြီးများ၏ ဩဝါဒခံယူတော်မူကြသည်ကို ဖူးမြော် ရသည်အတွက် အထူးဝမ်းမြောက်ကြည်နူးမိပါသည်ဘုရား၊ ဆရာတော်ဘုရားများ၏ နှစ်ပတ်လည် သံဃာ့အစည်းအဝေးကြီးတွင် ဘုရားတပည့်တော်အနေဖြင့် ယခုလိုအားပေးစကား လျှောက်ကြားခွင့် ရသည်ကိုလည်း အထူးဝမ်းမြောက်မိပါသည်ဘုရား၊ ဘုရားတပည့်တော် လျှောက်လိုတာက မြန်မာနိုင်ငံတွင်း ရှိတော်မူကြသော ဂိုဏ်းကြီး ( ၉ )ဂိုဏ်း၏အကြောင်းကို လေ့လာသည့်အခါ ထိုဂိုဏ်းများသည် တဦးနှင့်တဦး တပါးနှင့်တပါး ခိုက်ရန်ငြင်းခုံမှုမရှိ ထိပါးပုတ်ခတ်မှုမရှိပဲ မိမိတို့၏ ဆရာသမားများ၏ အယူဝါဒသို့ လိုက်နာကျင့်သုံးမှုကိုင် ဂိုဏ်းကွဲသည်ဟု ဆိုရပါတယ်ဘုရား၊ ကြာတော့လဲ အတူတူပဲ ဖြစ်ပါတယ်၊ ဒါကြောင့် သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားမှုလုပ်ငန်း ရပ်ကို စတင်ပြုလုပ်တဲ့အခါ ( ၉ )ဂိုဏ်းမှ ဆရာတော်သံဃာတော်များ ကာယစိတ္တညီမျှစွာ ပေါင်းစုရ သဖြင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို တခဲနက် ကျင်းပအောင်မြင်မှု ရခဲ့ပါတယ်၊ ထိုသို့ အောင်မြင်မှုရခဲ့တဲ့အတွက် သာသနာသန့်ရှင်းပါမှ တည်တံ့မှုရပါမယ်၊ တည်တံ့ပါမှ ကမ္ဘာ အနှံ့ပြန့်ပွားအောင် ဆောင်ရွက်ပြုလုပ်သွားနိုင်မည် ဖြစ်ပါသည်။

ထိုကဲ့သို့ သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ပြုလုပ်တဲ့နေရာမှာ ဆရာဒါယကာ( ၂ )ဦး ဥမကွဲ သိုက်မပျက်ရအောင် တိုင်ပင်ညီညွတ်ပြီး ပြုလုပ်ဆောင်ရွက်ကြဖို့ လိုပါတယ်၊ ယခုအခါ မြန်မာနိုင်ငံတော်တွင် ဂိုဏ်းပေါင်းစုံသံဃာတို့ညီညွတ်မှု သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားမှုလုပ်ငန်းကိစ္စတွေ ဆောင်ရွက်လုပ်ကိုင်နေကြသည်ကို တွေ့ရသဖြင့် နိုင်ငံတော်သမ္မတမှအစ ပြည်သူပြည်သားအားလုံးတို့မှာ ဝမ်းသာစွာ ကျေးဇူးတင်နေကြပါတယ်၊ ထို့ကြောင့် ဂိုဏ်းပေါင်းစုံ ညီညွတ်အောင် ထိန်းသိမ်းစောင့်ရှောက်တော်မူကြပါ၊ ရှေးမင်းအဆက်ဆက်တို့လဲ သံဃာညီညွတ်မှု ရအောင် ဆောင်ရွက်ကြသော်လည်း မရခဲ့ပါ၊ ယခုအခါမှာ ဂိုဏ်းပေါင်းစုံ သံဃာညီညွတ်မှု ရရှိခဲ့တဲ့ အတွက် တိုင်းပြည်မှာ မျက်နှာပန်း လှကြရပါသည်ဘုရား။

ဆရာတော်သံဃာတော်အရှင်မြတ်တို့ဘုရား ဆရာတော်ဘုရားများ၏ ဝေဠုဝန်နိကာယဂိုဏ်းမှ ယခုလိုဘညီတညွတ်တည်းစုပေါင်းစည်းဝေးပွဲကျင်းပကာ သာသနာတော်ကြီးအရှည်တည်တံ့ဖို့အရေး ဆွေးနွေးတိုင်ပင်ကြသည်ကို ဖူးတွေ့ကြားသိပါ၍ အထူးပင်ဝမ်းမြောက်အားရ ရှိလှပါသည်ဘုရား၊ ရှေးအနာဂတ်အဖို့ သာသနာတိုးတက်ပြန့်ပွား ကောင်းစားရေးကို အသက်နှင့်ခန္ဓာတည်သ၍ ဆောင် ရွက်တော်မူနိုင်ကြပါရန် စေတနာရှေ့ထား၍ တိုက်တွန်းရင်း နိဂုံးသတ် လျှောက်ထားပါသည်ဘုရား။

၈ အစီအစဉ်အရ - မဟာနာယကာဓိပတိ ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူရန်။

# ဝေဠုဝန်နိကာယ
# မဟာနာယကာဓိပတိ ဆရာတော်ဘုရားကြီး၏
# ဩဝါဒမိန့်ခွန်းတော်

အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတသင်္ကပ္ပါ၊ သစိတ္တမနုရက္ခထ။

ဘိက္ခဝေါ၊ ချစ်သားရဟန်းတို့။ တုမှေ၊ သင်ချစ်သားတို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့သော သတိတရားနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သတိမန္တော၊ မလွတ်မကင်းသော သတိတရားနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍။ သုသီလာ၊ စင်ကြယ်သောသီလ ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သုသမာဟိတသင်္ကပ္ပါ၊ ကောင်းသော တည်ကြည်ခြင်း, ကောင်းသော ကြံစည်ခြင်း ရှိကြကုန်သည် ဖြစ်၍။ သစိတ္တံ၊ မိမိ၏စိတ်ကို။ အနုရက္ခထ၊ အစဉ်သဖြင့် စောင့်ရှောက်ကြကုန်လော့။

ဤဂါထာ၌ အပ္ပမတ္တာသတိမန္တော-ဖြင့် သမ္မာသတိမဂ္ဂင်ကို မြတ်စွာဘုရားဟောကြားတော်မူအပ်သည်။ သုသီလာ ဟောထ ဘိက္ခဝေါ-ဖြင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင်သုံးပါးကို ဟောကြားတော်မူအပ်သည်။ သုသမာဟိတသင်္ကပ္ပာ-ဖြင့် သမ္မာသမာဓိနှင့် သမ္မာသင်္ကပ္ပမဂ္ဂင် နှစ်ပါးကို ဟောကြားတော်မူအပ်သည်။ အကျိုးဖြစ်သော သမ္မာသင်္ကပ္ပမဂ္ဂင်ကို ဟောကြားအပ်သဖြင့် အကြောင်းဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလည်း ပဒဋ္ဌာနာဟာရနေတ္တိနည်းဖြင့် သိမ်းယူအပ်သည်။ ဤသို့ ခုနစ်ပါးသော မဂ္ဂင်တို့ကို ဟောကြားတော်မူအပ်သဖြင့် မဂ္ဂင်လက္ခဏာအားဖြင့် တူညီသော သမ္မာဝါယာမ မဂ္ဂင်ကိုလည်း လက္ခဏာဟာရဖြင့် သိမ်းယူအပ်သည်။ ဤသို့လျှင် ဤဂါထာဖြင့် လောကိယ လောကုတ္တရဖြစ်သော မဂ္ဂင်ရှစ်ပါး တရားဒေသနာတော်မြတ်ကို ရဟန်းတို့အား ဘုရားဟောတော်မူအပ်သည်။

သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ-ဟူသော အဖို့အစုသုံးပါး သုဒ္ဓဝိပဿနာယာဉ်, သမထဝိပဿနာယာဉ်-ဟူသော ယာဉ်နှစ်ပါးတို့ဖြင့် သိမ်းယူအပ်သော ဤမဂ္ဂင်ရှစ်ပါးသည်သာလျှင် ကိလေသ မာရသေနာ နိဗ္ဗာနံ ဂစ္ဆန္တိ ဧတေနာတိ မဂ္ဂေါ-ဟူသော ဝစနတ္ထနှင့်အညီ ကိလေသာတို့ကို ပယ်သတ်ကြောင်း နိဗ္ဗာန်သို့ရောက်ကြောင်းတရားဖြစ်ပေသည်။ မည်သည့်ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ အရိယာသာဝကမဆို မဂ္ဂင်ရှစ်ပါး တရားဒေသနာတော်နှင့်ကင်း၍ နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်သည် ရသည်ဟူ၍ မရှိပေ။ ဘုရားကိုယ်တော်မြတ်သည်လည်း ဝဋ်ဆင်းရဲမှ ကင်းမြောက်လိုသူတို့ မချွတ် ကျင့်သုံးရသောတရားစုဖြစ်သည့်အတွက် ပရိနိဗ္ဗာန်စံလွန်တော်မူအပ်ဆဲဆဲတွင် ဤမဂ္ဂင်ရှစ်ပါးတရား ဒေသနာတော်ကို ကောင်းစွာမှာထား ဟောကြားတော်မူအပ်ခဲ့လေသည်။

သို့ဖြစ်၍ ဂိုဏ်းဂဏဝင်, မဝင် လူရှင်ရဟန်းတို့သည် လောကိယ လောကုတ္တရဖြစ်သော ကိုမဂ္ဂင်ရှစ်ပါး တရားဒေသနာတော်ကို ကြိုးစားမယုတ် ပွားများအားထုတ်ကြကုန်ရာသည်။

လောကုတ္တရာမဂ္ဂင်သို့ တိုင်ရောက်အောင် မစွမ်းဆောင်နိုင်စေကာမူ ထိုလောကုတ္တရာမဂ္ဂင်တရားတို့ကိုရကြောင်းဖြစ်သော လောကီမဂ္ဂင်တရား ရှစ်ပါးတို့ကိုမူကား ရင်ဝ၌လှံစူး၍ လွန်ကျူးသည့် ဒုက္ခဝေဒနာကို ခံစားနေရသူသည် အခြားကိစ္စကို အားမထုတ်ဦးပဲ စူးဝင်သည့်လှံကိုသာလျှင် မြန်စွာ နုတ်ပယ်ရာသကဲ့သို့လည်းကောင်း၊ ဦးခေါင်း၌ မီးစွဲလောင်ခြင်း ခံရသူသည် တပါးသောကိစ္စထက် စွဲလောင်သည့်မီးကိုသာ ရှေးဦးစွာ ငြိမ်းသတ်ရာသကဲ့သို့ လည်းကောင်း ထိုထိုကိစ္စအဝဝကို စွန့်ချပစ်ထား၍ ကြိုးစားပြုလုပ်အားထုတ် ကျင့်ကြံကြကုန်ရာသည်။

ထိုမှတပါး-ဒွေ မေ ဘိက္ခဝေ ပရိသာ 'ကတမာ ဒွေ'ဥတ္တာနာစပရိသာ ဂမ္ဘီရာစပရိသာ(ပေ) တေဒဂ္ဂံ ဘိက္ခဝေ ဧတဒဂ္ဂံ ယဒိဒံ ဂမ္ဘီရာ ပရိသာ-စသည်ဖြင့်– (၁) ဥတ္တာနပရိသတ်၊ (၂) ဝဂ္ဂပရိသတ်၊ (၃) အနဂ္ဂဝတီပရိသတ်၊ (၄) အနရိယပရိသတ်၊ (၅) ပရိသကသဋ္ဌပရိသတ်၊ (၆) ဥက္ကာစိတဝိနိတာနောပဋိပုစ္ဆာဝိနိတပရိသတ်၊ (၇) အာမိသဂရုနောသဒ္ဓမ္မဂရုပရိသတ်၊ (၈) ဝိသမပရိသတ်၊ (၉) အဓမ္မိကပရိသတ်၊ (၁၀) အဓမ္မဝါဒီပရိသတ်ဟူသော ကဏှပက္ခ၌ ပရိသတ်ဆယ်(၁၀)မျိုး။

(၁) ဂမ္ဘီရပရိသတ်၊ (၂) သမဂ္ဂပရိသတ်၊ (၃) အဂ္ဂဝတီပရိသတ်၊ (၄) အရိယပရိသတ်၊ (၅)ပရိသမဏ္ဍသာရပရိသတ်၊ (၆) ပဋိပုစ္ဆာဝိနိတာနောဥက္ကာစိတဝိနိတပရိသတ်၊ (၇) သဒ္ဓမ္မဂရုနောအာမိသဂရုပရိသတ်၊ (၈) သမပရိသတ်၊ (၉) ဓမ္မိကပရိသတ်၊ (၁၀) ဓမ္မဝါဒီပရိသတ်ဟူသော သုက္ကပက္ခ၌ ပရိသတ်ဆယ်(၁၀)မျိုး အားဖြင့် နှစ်ဆယ်(၂၀)သော ပရိသတ်မျိုးတို့ကို ဘုရားဟောတော်မူအပ်သည်။

ထိုပရိသတ်မျိုးတို့တွင် ပုံ့လွင့်ခြင်း မာန်တံခွန်ထောင်လွှားခြင်း သပိတ်သကၤန်းစသည်ကို မတင့်တယ်လျှင် တင့်တယ်အောင် ခြယ်လှယ်ပြုပြင်တန်ဆာဆင်ခြင်းဖြင့် လျပ်ပေါ်လော်လည်ခြင်း နှုတ်လျှာကြမ်းတမ်းခြင်း စည်းမဲ့ ကမ်းမဲ့ အကျိုးမဲ့ ဖရိုဖရဲဖြန့်ကြဲသော စကားတို့ကိုပြောဆိုခြင်း၊ သတိတရား လက်လွတ်ခြင်း အဆင်ခြင်မဲ့ကင်းခြင်း စိတ္တေကဂ္ဂတာသမာဓိလောက်မျှ တည်တည်ကြည်ကြည် မရှိခြင်း၊ မိမွေးတိုင်း, ဖမွေးတိုင်း အရိုင်းပေါက်လွှတ် ဣန္ဒြေမဲ့ကင်းခြင်းဟူသော ဥန္နတ ဥန္နဠစပလမုခရဝိကိဏ္ဏဝါစ မုဋ္ဌဿတိ အသမ္ပဇာန အသမာဟိတ ဝိဗ္ဘန္တစိတ္တ ပါကဋိန္ဒြိယအပြစ်မျိုးတို့မှ ကင်းလွတ်အောင် ရှောင်ခွါ၍ လေးနက်တည်ကြည်သော ဂမ္ဘီရပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

သံဃာတော်အချင်းချင်း ငြင်းခုံစကား ခိုက်ရန်ပွားခြင်းဟူသော ဘဏ္ဍန ကလဟ ဝိဝါဒ အပြစ်တို့မှ ကင်းလွတ်အောင် ခွါရှောင်၍ ကေကမ္မ, ကေုဒ္ဒေသ, သမသိက္ခတာ သံဝါသတရား သုံးပါးဖြင့် နွားနို့ နှင့်ရောနှောအပ်သည့် ရေအလားကဲ့သို့ အညီအညွတ်အသင့်အတင့် ဆက်ဆံပေါင်းသင်းကာ တဦးကိုတဦး ပိယစက္ခုတို့ဖြင့် ကြည့်ရှုနေထိုင်နိုင်သော သမဂ္ဂပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

ဩဝါဒါစရိယ မဟာနာယက အနုနာယကဖြစ်ကုန်သော ဂိုဏ်းဂဏခေါင်းဆောင်ပုဂ္ဂိုလ်များက လာဘ်သပ္ပကာရပေါများအောင် အားထုတ်မှု သာသနာတော်အရေးကြုံကြိုက်လျှင် ပေါ့ပေါ့

သုမ္မဝတီ (က) ၁၈၈-၂

လျော့လျော့အားထုတ်မှုဟူသော သံဃာငယ်တို့ဒိဋ္ဌာနုဂတိဖြင့် ဖွယ်ရာ ဗာဟုလ္လိကသာသာထလိက အမှုများကို မပြုလွတ်ကင်း ရှင်းရှင်းရှောင်ကြဉ်ကာ အဖိုးတန်ဂုဏ်သရေရှိ ခေါင်းဆောင်ပေါ်များသည့် အဂ္ဂဝတီပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

ဘဏ္ဍာဘာဇနီယ ဝိနိစ္ဆယဌာနတို့၌ အဂတိလေးပါး မလိုက်စားပဲ မျှတတည့်မှန်စွာ ဆုံးဖြတ်ဝေဖန်တတ်သည်ဖြစ်၍ ကြည်လင်သန့်ရှင်း အပြစ်ကင်းသော မှန်မြတ်သောပရိသမဏ္ဍသာရပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

တထာဂတဘာသိတ ဂမ္ဘီရ ဂမ္ဘီရတ္ထ လောကုတ္တရ သုညတာပဋိသညုတ္တ ဖြစ်ကုန်သော သုတ္တန်ဒေသနာတော်တို့ကို နာကြားသိခြင်း သိလိုခြင်း သင်လိုခြင်း သင်ယူနာကြားပြီးလျှင် အချင်းချင်း မေးမြန်းခြင်း မပေါ်လွှင်မထင်ရှားသည်တို့ကို ပေါ်လွှင်ထင်ရှားအောင် ပြုခြင်း ယုံမှားရှိသော် ပယ်ဖျောက်ခြင်းရှိသော ပဋိပုစ္ဆဝိနိတာနော ဥက္ကာစိတဝိနိတပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

ပစ္စည်းလေးပါးလာဘ်ပေါ်များအောင် အားထုတ်မှုကိုပယ်ရှား၍ လောကုတ္တရာတရားရေး၌ အားပေးဂရု အလေးပြုတတ်သော သဒ္ဓမ္မဂရုနောအာမိသဂရုပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

သာသနာတော်၌ အဓမ္မကံ အဝိနယကံများ မဖြစ်ပွား မပေါ်ပေါက်အောင် စောင့်ရှောက်ကြ၍ ဓမ္မကံ ဝိနယကံတို့ကိုသာ ဖြစ်ပွားစေတတ်သော သမပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

မြတ်စွာဘုရား၏ တရားဒေသနာတော်နှင့် မသင့်လျော်သော အမူအကျင့်တို့ကို ပယ်ရှား၍ သင့်လျော်ညီညွတ်သည့် အမူအကျင့်ရှိသော ဓမ္မိကပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

ဝိဝါဒ အနုဝါဒ အာပတ္တိ ကိစ္စအဓိကရုဏ်းမှုများဖြစ်ပွားပေါ်ပေါက်ခဲ့ပါလျှင် သမထနည်းခုနစ်ပါး (၇)ပါး တရားဖြင့် ငြိမ်းအေးအောင် ဆုံးဖြတ်ပြောဆိုတတ်သော ဓမ္မဝါဒီပရိသတ်မျိုးဖြစ်အောင် ကျင့်ဆောင်နေထိုင်ကြကုန်ရာသည်။

ထိုမှတပါးလည်း ဝေဠုဝန်နိကာယဂိုဏ်းဝင် သံဃာတော်တို့သည် ဂိုဏ်းတပါးမှ သက်တော်ဝါတော် ဂုဏ်တော်ကြီးမြင့်သော ဆရာတော် သံဃာတော်တို့၌ ဂိုဏ်းဝင်သံဃာတော်များနှင့်ထပ်တူ မခြား ရိုသေလေးစား ဂါရဝတရားထားရှိကြကုန်ရာသည်။

ဒေသနာတော်နှင့် မဆန့်ကျင်သော ကိစ္စဌာနတို့၌လည်း အညီအညွတ်အသင့်အတင့် ပြုကျင့်ဆောင်ရွက်နိုင်ကြကုန်ရာသည်။

ဤသည်ကား ကျေးဇူးရှင် ပထမဝေဠုဝန် ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်ဖြစ်ပေသည်၊ ထိုဆရာတော်ဘုရားကြီး၏ ဩဝါဒနှင့် ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ကို လေးစားကြည်ညိုလှပါသဖြင့် တပည့်တော်များက ထပ်ဆင့်ဩဝါဒစကား မိန့်ကြားအပ်ပါသတည်း။

၉ အစီအစဉ်အရ ဝေဠုဝန်နိကာယ ဂဏရက္ခိတ ဆရာတော်ဘုရားများက အောက်ပါအတိုင်း ဩဝါဒမိန့်ခွန်း မြွက်ကြားတော်မူကြပါသည်။

ဝေဠုဝန်နိကာယ ဂဏရက္ခိတ နိုင်ငံတော်ဩဝါဒါစရိယ

ရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်ဆရာတော်ဦးနာရဒ၏

# ဩဝါဒကထာ မိန့်ခွန်းလွှာ

စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဘဗ္ဗော ပရိဟာနာယ နိဗ္ဗာနဿေဝ သန္တိကေ ကတမေဟိ စတူဟိ ဣဓ ဘိက္ခဝေ ဘိက္ခု သီလသမ္ပန္နော ဟောတိ၊ ဣန္ဒြိယေသု ဂုတ္တဒွါရော ဟောတိ၊ ဘောဇနေ မတ္တညူ ဟောတိ၊ ဇာဂရိယံ အနုယုတ္တော ဟောတိ။

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ လေးပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်။ နိဗ္ဗာနဿေဝ၊ နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ အနီး၌။ ဟောတိ၊ ဖြစ်၏။ ကတမေဟိ စတူဟိ၊ အဘယ်လေးပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှါ။ အဘဗ္ဗော၊ မထိုက်သနည်း။ နိဗ္ဗာနဿေဝ၊ နိဗ္ဗာန်၏သာလျှင်။ သန္တိကေ၊ အနီး၌။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣန္ဒြိယေသု၊ စက္ခုစသောဣန္ဒြေတို့၌။ ဂုတ္တဒွါရော၊ လုံခြုံသောတံခါးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညူ၊ အတိုင်းအရှည်ကို သိသည်။ ဟောတိ၊ ဖြစ်၏။ ဇာဂရိယံ၊ နိုးကြားခြင်း၌။ အနုယုတ္တော၊ အဖန်တလဲလဲ ယှဉ်သည်။ ဟောတိ၊ ဖြစ်၏-ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်၌ ပါတိမောက္ခ သံဝရသီလကို လုံခြုံစွာစောင့်ရှောက်ခြင်း၊ အကျင့်အာစာရ ကျက်စားရာ ဂေါစရနှင့် ပြည့်စုံခြင်း အနုမြူမျှသော အပြစ်တို့၌ ဘေးအတိရှုလျက် သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ခြင်းဟုဆိုအပ်သော သီလသမ္ပန္န၊ စက္ခုစသော ဣန္ဒြေခြောက်ပါးတို့ဖြင့် ရူပါရုံစသည်တို့ကို တွေ့မြင်သည်ရှိသော် နိမိတ္တဂ္ဂါဟီ အနုဗျဉ္ဇနဂ္ဂါဟီ စသော အကုသလပါပဓမ္မတို့ မဖြစ်စေရအောင် ကောင်းစွာစောင့် ရှောက်ခြင်းဟူသော ဣန္ဒြိယဂုတ္တဒွါရ၊ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို သုံးဆောင်သောအခါတို့၌ သင့်သောအကြောင်းအားဖြင့် ပညာဉာဏ်ဖြင့် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်မှီဝဲခြင်းဟုဆိုအပ်သော ဘောဇနမတ္တညူ၊ နေ့အခါ ညဉ့်အခါ စင်္ကြံသွားရာ ထိုင်ရာ လျောင်းရာတို့၌ ကုသိုလ်ဓမ္မကို တားမြစ်တတ်ကုန်သော နီဝရဏတရားတို့မှ စိတ်ကိုသုတ်သင်ခြင်းဟုဆိုအပ်သော ဇာဂရိယာနုယုတ္တ ဤတရား လေးပါးတို့နှင့် ပြည့်စုံသောရဟန်းသည် ဆုတ်ယုတ်ခြင်း မရှိ၊ နိဗ္ဗာန်၏သာလျှင် အနီး၌ဖြစ်ကြောင်း

လာရှိသည်၊ ထိုတရားလေးပါးတို့နှင့် မပြည့်စုံသောသူတို့မှာ မိမိအကျိုးလည်း ဆုတ်ယုတ်ပျက်စီး နိဗ္ဗာန်နှင့်လည်းဝေးကြီး ဝေးကြမည်ဖြစ်၍ အထူးသတိပြုသင့်လေသည်။

မြတ်စွာဘုရားသာသနာတော်၌ဆည်းကပ်မှီခိုလျက် နေထိုင်ကြသော ရဟန်းရှင်လူ ဟူသမျှတို့မှာ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့် ကြီးပွားသည်ထက်ကြီးပွား၍ နိဗ္ဗာန်ကိုလိုသားတော်တကြသူချည်းဖြစ်၍ အသီးအသီး ကိုယ်စီကိုယ်င ဤတရားလေးပါးနှင့် ပြည့်စုံကြပါလျှင် မိမိအကျိုးလည်းမဆုတ်ယုတ် သာသနာတော်ကြီးလည်း တနေ့တခြား တင့်တယ်စည်ကားလျက် နိဗ္ဗာန်နှင့်လည်း မဝေးလှပြီဖြစ်၍ လိုလားတော်တချက် လျင်မြန်စွာ ပြည့်စုံနိုင်လေသည်၊ ထို့ကြောင့် ဤတရားလေးပါးနှင့် ပြည့်စုံကြစေရန် မမေ့မလျော့သော သတိတရား လက်ကိုင်ထားလျက် ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါစေ-ဟု တိုက်တွန်းပြီး နိဂုံးချုပ်အပ်ပါသတည်း။

## ဝေဠုဝန်နိကာယ ဂဏာရက္ခိတ နိုင်ငံတော်သံဃမဟာနာယက

## ကြခင်းမြို့ ဓမ္မစကြာဆရာတော်၏

# ဩဝါဒကထာ မိန့်ခွန်းလွှာ

ဝေဠုဝန်နိကာယ ဂဏာဓိပတိဆရာတော်ဘုရားကြီးနှင့် ဝေဠုဝန်နိကာယဂိုဏ်းဝင် ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား။

စိရံ တိဋ္ဌတု လောကသ္မိံ သမ္မာသမ္ဗုဒ္ဓသာသနံ-ဟူသော ထေရဂါထာ အဋ္ဌကထာလာသည်နှင့်အညီ ဤကမ္ဘာလောကကြီး၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်သည် အရှည်ခန့်၍ သန့်ရှင်းတည်တံ့ပါစေ၊ မည်သည့်ပုဂ္ဂိုလ်များက သန့်ရှင်းစွာ တည်တံ့အောင် စောင့်ရှောက်နိုင်ပါသနည်း။

လဇ္ဇီပေသလ သိက္ခာကာမနှင့် ပြည့်စုံ၍ ဂုဏဝန် ပညာဝန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်များသည်သာ သန့်ရှင်းစွာတည်တံ့အောင် စောင့်ရှောက်နိုင်ပါသည်၊ ထို့ကြောင့် သာသနာ့ဝန်ကို အထက်တန်းကျကျ မျက်နှာပန်းလှအောင် ထမ်းဆောင်ကြကုန်သော မထေရ်မြတ်တို့သည်၊ "အနာဂတေ လဇ္ဇီ ရက္ခိဿန္တိ သာသနံ"ဟု မိန့်ဆိုတော်မူကြသည်။

အနာဂတေ- နောင်သောအခါ၌၊ လဇ္ဇီ-ပါတိမောက္ခ သံဝရသီလနှင့် ပြည့်စုံတော်မူကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့သည်၊ သာသနံ-ဒွံ့ဖွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို၊ ရက္ခိဿန္တိ- သန့်ရှင်းတည်တံ့ အရှည်ခန့်အောင် စောင့်ရှောက် ကြကုန်လိမ့်မည်-ဟု မိန့်ကြားတော်မူကြသည်။

လဇ္ဇီပေသလ သိက္ခာကာမနှင့်ပြည့်စုံကြကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် သာသနာပြု မင်းကောင်းမင်းမြတ်ကို အမှီရကြမှသာလျှင် သာသနာတော်ကို စောင့်ရှောက်နိုင်ကြသည်၊ သာသနာပြု မင်းကောင်းမင်းမြတ်ကို အမှီမရလျှင် မစောင့်ရှောက်နိုင်ကြပါကုန်။

ထို့ကြောင့် အနာဂတေ-ဟု မိန့်ဆိုတော်မူကြပါသည်၊ ယခုအခါ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် သာသနာပြု မင်းကောင်းမင်းမြတ်ဖြစ်၍ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးဖြစ်ခဲမြောက်အောင်ဆောင်ရွက်ပေးကြသည်။

လဇ္ဇီပေသလ သိက္ခာကာမဂုဏ်နှင့် ပြည့်စုံတော်မူကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့သည် ဝိနည်းသိက္ခာပုဒ်၌ မကျင့်ကြကုန်သော အလဇ္ဇီဒုဿီလတို့ကို ရှင်းလင်းသုတ်သင်တော်မူ[illegible]

သည်၊ သို့ဖြစ်သောကြောင့် "ဝိနယောနာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ"ဟု ဗုဒ္ဓဘုရားရှင်၏ တတိယသာဝက အရှင်မဟာကဿပက မိန့်ကြားတော်မူပါသည်။

ဤကဲ့သို့သာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်သောအခါဖြစ်စေ၊ ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ ပဋိဝေဓသဒ္ဓမ္မဟု သဒ္ဓမ္မသုံးဖြာ ပြီးမြောက်ဖို့ရာ အခါမှာဖြစ်စေ၊ ရဟန်းသံဃာတော် သက်သက်ဖြင့်သာ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားအောင် သော်လည်းကောင်း၊ ဒါယကာ-ဒါယိကာမသက်သက်ဖြင့်သာ သာသနာသန့်ရှင်း တည်တံ့ပြန့်ပွားအောင် သော်လည်းကောင်း မဆောင်ရွက်နိုင်ကြပါ၊ ဆရာ ဒါယကာလက်တွဲ၍ ဆောင်ရွက်မှသာလျှင် သဒ္ဓမ္မသုံးဖြာနှင့် သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ကြပါသည်၊ထို့ကြောင့်ဣတိဝုတ်ပါဠိတော်၌ "သာဂါရာ အနာဂါရာ စ ဥဘော အညောညနိဿိတာ၊ အာရာဓယန္တိ သဒ္ဓမ္မံ ယောဂက္ခေမံ အနုတ္တရံ"ဟု ဟောညွှန်ပြသ ဆုံးမတော်မူပါသည်။

၁၀ အစီအစဉ်အရ ဝေဠုဝန်နိကာယဂိုဏ်းဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော်ဦးသုန္ဒရာဘိဝံသက တနှစ်အတွင်း ဆောင်ရွက်ချက်များနှင့် တွေ့ကြုံရသော အချက်အလက်စသည်တို့ကို အောက်ပါအတိုင်း ဆွေးနွေး တင်ပြလျှောက်ထားပါသည်။

## ၁၃၄၃–ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၁) ရက်

# ဝေဠုဝန်နိကာယ သံဃနာယကနှစ်ပတ်လည် အစည်းအဝေးပွဲကြီးတွင်

# ဗဟိုအကျိုးတော်ဆောင်ချုပ်မှ

# တင်ပြလျှောက်ထားချက်ပါဘုရား

**ဆရာတော်အရှင်သူမြတ်တို့ဘုရား–**

ဘုရားတပည့်တော်တို့အနေဖြင့် တနှစ်တာဆောင်ရွက်ချက် တွေ့ကြုံရချက်တို့ကို အပိုင်း (၆)ပိုင်းအနေဖြင့် ခွဲပြ လျှောက်ထားပါမည်ဘုရား။

၁။ တိုးတက်မှု၊ ၂။ ဆုတ်ယုတ်မှု၊ ၃။ တည်တံ့ခိုင်မြဲမှု၊

၄။ ပညာရေး၊ ၅။ စည်းလုံးညီညွတ်ရေး၊ ၆။ စည်းကမ်းလိုက်နာရေး၊

၁။ တိုးတက်မှု–အခန်း (၁)တွင် လွန်ခဲ့သည့် ၁၃၄၂-ခုနှစ်က ဝေဠုဝန်နိကာယ ဂိုဏ်းဝင်ကျောင်းပေါင်း (၄၂၈) ကျောင်းရှိပါသည်၊ ယနေ့ ၁၃၄၃-ခုနှစ်တွင် (၄၃၄) ကျောင်းရှိ၍ ကျောင်းတိုက် အရေအတွက်အားဖြင့် (၇)ကျောင်းမျှ တိုးတက်ခဲ့ပါသည်။

၂။ ဆုတ်ယုတ်မှု–အခန်း (၂)တွင် ကျောင်းအားဖြင့် ဣန္ဒကာရာမကျောင်း သာကေတ၊ စိန်ရတနာကျောင်း- မရမ်းကုန်း၊ မိုးကောင်းစေတီကျောင်း- မှော်ဘီ၊ တောရကျောင်း- ဖားကူး သံလျင်တို့ဖြစ်ပါသည်၊ ထို့ပြင် ပိန်းအင်းကျောင်း- ဟသ်ာတ၊ ကရင်ဗောဓိကျောင်း-လေးမျက်နှာ အားဖြင့် (၆) ကျောင်းရှိပါသည်။

ပုဂ္ဂိုလ်အားဖြင့် ကြည့်မြင်တိုင် လက်ခုပ်ကျောင်း ဩဝါဒါစရိယဆရာတော်ဘုရားကြီး, ပြည်မြို့ ဝေပုလ္လတောရ ဩဝါဒါစရိယဆရာတော်ဘုရားကြီး, သာကေတဓမ္မာရုံကျောင်း နိုင်ငံတော် ဩဝါဒါစရိယဆရာတော်နှင့် ဝေဠုဝန်ဂဏရက္ခိတ ဆရာတော်ဘုရားကြီး, ပုသိမ်မြို့ ရတနာအုတ်ကျောင်း နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး, ပန်းတောင်း ပေါ်တော်မူ ရေဝိုင်းကျောင်းတိုက် ဂဏရက္ခိတ ဆရာတော်ဘုရားကြီး, ရွှေတောင်ဘုရားကြီးကျောင်းဆရာတော်,နဘဲကွင်း ဩဝါဒါစရိယ ဆရာတော်ဘုရားကြီး,ကြံခင်းမြို့ သဲဖြူ ဂဏရက္ခိတဆရာတော်ဘုရားကြီး, သံဃာအရေအတွက်အားဖြင့် ၁၃၄၂-ခုနှစ် (၂၀၁၅) ပါး၊ ၁၃၄၃-ခုနှစ် (၁၉၆၈) ပါး ရှိပါသည်။

၃။ တည်တံ့ခိုင်မြဲမှုအခန်းတွင် တပည့်တော်များ၏ ဝေဠုဝန်နိကာယဂိုဏ်းတွင် ပြည်နယ်/တိုင်း/ မြို့နယ်/ ရပ်ကွက် အားလုံးတို့၌ အခြေစိုက်နေထိုင်ကြသော ကျောင်း, ကျောင်းတိုက်အားလုံးတို့သည် ကျူးကျော်ကျောင်းများအဖြစ်မှ ကင်းလွတ်သောကျောင်းများသာ ဖြစ်ကြပါသည်၊ ထိုကျောင်းများသည် အများအားဖြင့် သာသနာ့မြေပေါ်ရှိကျောင်းများသာ ဖြစ်ကြပါသည်၊ သာသနာ့မြေ မဖြစ်သေးသော ကျောင်းများကိုလည်း သံဃမဟာနာယကရုံးသို့ ကျောင်းအတ္တုပ္ပတ္တိဖြစ်စဉ်ကို တင်ပြကြပါက သာသနာ့မြေအဖြစ် အသိအမှတ်ပြုပေးမည်ဖြစ်ကြောင်း ညွှန်ကြားထားပြီး ဖြစ်ပါသည်၊ သို့အတွက် စာရင်းမပို့ရသေးသောကျောင်းများသည် အမြန်ဆုံးစာတန်းပြုစု၍ မိမိတို့သက်ဆိုင်ရာ မြို့နယ်သံဃနာယကများမှတဆင့် စာရင်းပြုစု၍ သံဃမဟာနာယကအဖွဲ့ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့သို့ ပေးပို့ကြပါရန် လျှောက်ထားပါသည် အရှင်ဘုရား။

အချို့အချို့သော ရပ်ကွက်အတွင်းရှိ ကျောင်းများမှာ ကျောင်းသားမရှိ၍ ကပ္ပိယအငှါးထားပြီး ဆွမ်း ကွမ်း ဝေယျာဝစ္စစသည်ကို ပြုလုပ်ခိုင်းစေရကြောင်းကိုလည်း ကြားသိရပါသည်၊ ထိုကျောင်းများအတွက် နီးစပ်ရာ အနုနာယက မဟာနာယကဆရာတော်များက ကျောင်းသားရရှိရေး သာမဏေဖြစ်မြောက်ရေးတို့ကို ဆွေးနွေးပြုပြင်ပေးသင့်သည်ဟု ယူဆမိ၍ ထိုသို့ ပြုလုပ်သင့်ကြောင်း အကြံပေး လျှောက်ထားပါသည်ဘုရား။

ထိုကဲ့သို့ မပြုလုပ်ပဲ လျစ်လျူရှုနေကြပါက ထိုကျောင်းသည် ထိုရွာ၌ အရှည်တည်တံ့၍ ခိုင်မြဲနိုင်မှုမရှိဟု ထင်မြင်ယူဆပါသည်ဘုရား၊ ထိုအရေးကိစ္စနှင့်စပ်လျဉ်း၍ တဆက်တည်း လျှောက်ထားပါရစေ အရှင်ဘုရား။

ယခုအခါ ကျောင်းကိစ္စနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု အငြင်းပွားမှုများကို တော်တော် များများ ကြားနေရပါသည်၊ တပည့်တော်များ ဝေဠုဝန်ဂိုဏ်းတွင် ရှေးရှေး ဆရာတော်ဘုရားကြီးများသည် ကျောင်းအရံမြေနှင့်တကွ ကျောင်းကန် အဆောက်အအုံအားလုံးကို သံဃိကအရံ သံဃိက ကျောင်းအဖြစ်ကိုသာ အများအားဖြင့် အလှူခံထားကြပါသည်၊ ပုဂ္ဂလိကအဖြစ် မကြားဘူးအောင် နည်းပါးလှပါသည်။

ထို သံဃိကသည် စတုဒိသာသံဃိကဖြစ်သော်လည်း ဂိုဏ်းနှင့်စပ်သော သံဃာတို့နှင့်သာ ဆက်စပ်နေသည်ဖြစ်၍ အားလုံးပေါ်လွင်ထင်ရှားအောင် ဝေဠုဝန်နိကာယ ဂဏရက္ခိတ သန္တကအဖြစ် အသိအမှတ်ပြု၍ ဂိုဏ်းသံဃာများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ကြေငြာသင့်ကြောင်း ထပ်ခလောင်း လျှောက်ထားလိုပါသည် အရှင်ဘုရား။

ထိုကဲ့သို့ ဂဏရက္ခိတ သန္တက ကျောင်းအဖြစ် အများသံဃာများက သဘောတူလက်ခံတော်မူကြမည်ဖြစ်ပါက သက်ဆိုင်ရာ နီးစပ်ရာ မဟာနာယက အနုနာယက ဆရာတော်များက အုပ်ချုပ်စီမံ၍ ထိုကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးလစ်လပ်ခဲ့သော် ထိုကျောင်းနှင့် အနီးစပ်ဆုံး ပုဂ္ဂိုလ်ကို ဦးစားပေး၍ စီမံရမည်၊ ထိုပုဂ္ဂိုလ်မျိုးမရှိပါက အခြားဂိုဏ်းဝင် ပုဂ္ဂိုလ်ထဲမှ သင့်လျော်မည့် ပုဂ္ဂိုလ်ကို ဝေဖန်စဉ်းစား၍ စီမံမှုပြုလုပ်ရန် ဖြစ်ပါသည်ဘုရား။

ၚင်းစီမံကိန်းအရ ထမြောက်အောင်မြင်မှုရှိပါက နှောင်အခါကျောင်းကို ပိုင်ဆိုင်မှုအငြင်းပွားရန် မရှိတော့ပါ၊ ဂိုဏ်းကူးပြောင်းလိုမှု ရှိသည့်တိုင် လူသာပြောင်း ကျောင်းကိုတော့ ထားခဲ့ဖို့ရန်သာ ဖြစ်ပါသည်။

၄။ ပညာရေး-အခန်း (၄) ကို အထူးစဉ်းစားဖွယ်ရှိပါသည်၊ ဂိုဏ်း၏ တိုးတက်မှုတွင် အရေအတွက်များခြင်းထက် အရည်အချင်းတိုးတက်မှုက ပိုမိုအရေးကြီးလှပါသည်၊ အရည်အချင်းကောင်းအောင် ဘယ်လိုပြုလုပ်ကြပါမည်၊ ခေတ်က လောကဓာတ်ပညာတွန်းကားသော ခေတ်တွင် ဘာသာသာသနာရေး ပညာရေးတိုးတက်အောင် အကြံကောင်း ဉာဏ်ကောင်းများရရှိအောင် ဆွေးနွေးတင်ပြရန် လိုအပ်နေပါသည်၊ အကြံဉာဏ်ကောင်းများမရမီ တပည့်တော်များ ဉာဏ်မှီသလောက် တင်ပြရလျှင် ပထမဦးဆုံး ကျောင်းသားရရှိအောင် ရှာမှီးကျွေးမွေးရမည်၊ ကျောင်းသားမှ သာမဏေ သာမဏေမှ ရဟန်းဖြစ်အောင် အားထုတ်ကြရပါမည်၊ ထိုသို့ ကျောင်းသားသာမဏေ ရဟန်းဖြစ်အောင် ပြုပြင်ရာမှာလည်း သူ့အရွယ်အလိုက် ပညာတိုးတက်အောင် သင်ကြားပို့ချ အားထုတ်ရပါမည်၊ မြို့နယ်အလိုက် အခြေခံဒေသအလိုက် တိုင်းအလိုက် အဆင့်အတန်းထား၍ စာပြန်ပွဲ စာမေးပွဲများ နှစ်စဉ် ကျင်းပရပါမည်၊ သူငယ်လေးများ စာအံချင် စာသင်ချင်အောင် အားတက်အောင် နည်းလမ်းရှာဖွေ၍ ဆုပေးခြင်း ဂုဏ်ပြုချီးမြှောက်ခြင်းများ ပြုလုပ်ပေးရပါမည်၊ ယနေ့ သာသနာမှာရှိကြသည့် ရဟန်း သာမဏေများအတွက် စာပြန်ပွဲ စာမေးပွဲများ ကျင်းပပေးကြရပါမည်၊ အချို့နေရာများမှာ စာပြန်ပွဲ စာမေးပွဲများရှိပြီးဖြစ်ပါသည်၊ သထုံမှာ မွန်ပြည်နယ်တခုလုံးအတွက် စာပြန်ပွဲရှိပြီးဖြစ်ပါသည်၊ ၎င်းစာပြန်ပွဲမှ စာမေးပွဲအဆင့်ရောက်အောင် အားထုတ်တော်မူကြရန် အလေးအနက် တိုက်တွန်းပါရစေ ဘုရား။

ပုသိမ်ဇုံနယ်မှာ ယခုတပို့တွဲလဆန်း ( ၁၃-၁၄-၁၅) ရက်နေ့များတွင် စာပြန်ပွဲစ၍ကျင်းပပြုလုပ်သည်ကို သတင်းရရှိပါသည်၊ စာပြန်ပွဲမှ စာမေးပွဲအဆင့် အမြင့်ဆုံးသို့ရောက်အောင် ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းပါသည်ဘုရား။

ဟင်္သာတ အခြေခံဒေသဆိုင်ရာ မြန်အောင်ဝေဠုဝန် စာမေးပွဲကြီးကတော့ (၆၃) ကြိမ်အထိ ကျင်းပပြီးဖြစ်၍ အာဂမ-ဘာဘာဝနှစ်ဌာနတန်းစုံ အဆင့်အပြင် ဝိနယဂုဏ်ထူးဆောင် ဒီဃနိကာယဂုဏ်ထူးဆောင် ရေးဖြေ အတန်းကြီးများဖြင့် ပေဝေဆာဆာ ကျင်းပပြုလုပ်လျက်ရှိပြီးဖြစ်ပါသည်ဘုရား။

ပဲခူးတိုင်း ပြည်မြို့တွင်လည်း ယခင်က ပွင့်လှသိမ်ကုန်းကျောင်းတိုက်တွင် စာပြန်ပွဲကျင်းပကြောင်းသတင်း ကြားဘူးပါသည်၊ ယခုအခါ ၎င်းစာပြန်ပွဲ ရှိသေးလားမသိရပါ၊ မရှိလျှင်လည်း ဆက်လက် စီစဉ်ပြီး ကျင်းပပေးတော်မူကြပါရန် လေးလေးနက်နက် လျှောက်ထားတိုက်တွန်းပါသည်ဘုရား။

ရန်ကုန်တိုင်းအတွက်ကတော့ စာမေးပွဲများ ဖြေဆိုချင်က အများပင် ရှိကြပါသည်၊ ဂိုဏ်းစာမေးပွဲကတော့ မရှိသေးပါ၊ ရန်ကုန်တိုင်းတွင်လည်း ပြုလုပ်သင့်ကြောင်း အဆိုပြု လျှောက်ထားပါသည် အရှင်ဘုရား။

သုမင်္ဂလဝတီ (က) ၁၀၀ ၃

၎င်းပြင် စာသင်တိုက်အနေနှင့် စာသင်သားများ အားထားမှီခိုနိုင်ရန် စာသင်တိုက်ကြီးများကိုလည်း တည်ထောင်သင့်ပါပြီ၊ သထုံ-ရန်ကုန်-ပြည်-ဟင်္သာတ-ပုသိမ် မြို့ကြီးများမှာ ရှိသင့်ပါသည်၊ ၎င်းစာသင်တိုက်ကြီးများမှာလည်း ပုံစံအတိအကျကို ဂိုဏ်းစည်းကမ်းဥပဒေနှင့် အညီ သတ်မှတ်ထားသင့်ပါသည်၊ တောရွာနှင့်မြို့ငယ်တွင်ရှိ ဂိုဏ်းဝင်ရဟန်းသာမဏေများကိုလည်း စည်းကမ်းဘောင် ပုံစံနှင့်အညီ ပုံဝင်အောင် သွင်းထားသင့်ပါသည်။

ဥပမာ- ဒန် သတ္တုပစ္စည်းများကို ကိုယ်လိုသလို ပုံစံလုပ်ပြီးသွင်းသည့်အခါ လိုအပ်သလို ပုံများရရှိသလို သဝိညာဏက ရှင်စယ် + ရဟန်းငယ်များကို ပုံစံကျသွင်းပေးလျှင် ရနိုင်မည်-ဟု ထင်ပါသည်၊ ၎င်းပုံစံကျ ရှင်ငယ်+ရဟန်းငယ်များကို ကျေးရွာမှမြို့သို့ မြို့ငယ်မှ မြို့ကြီးသို့ ပို့သည့်အခါ မြို့ငယ်မြို့ကြီးမှ ရဟန်းသာမဏေများက ပုံစံဝင်ပြီးသားဆိုလျှင် အထူးမပြုပြင်ရတော့ပဲ ပညာကိုသာ ဆက်လက်ဆည်းပူးရုံသာရှိပါသည်၊ ယနေ့အချေအနေမှာ တောမှာအသင့်အတင့် ပုံစံကျလာသော်လည်း မြို့ရောက်တော့ အမြင်ကျယ်ပြီး ပျက်စီးသည့်ဘဝရောက်သည်က များပါသည်၊ စာသင်ရန် မြို့တက်လာခဲ့သော်လည်း အကြားအမြင်ဗဟုသုတတွေ များပြားပြီး စာသင်မှုကို အပပြုထားကြသည်က များလှပါသည်။

ဒါ့ကြောင့်- စာသင်တိုက်ကြီးများ တိုးချဲ့တည်ထောင်ပြီး စည်းကမ်းတကျ ပုံစံသွင်း၍ ပညာသင်ပေးသင့်ကြောင်း အကြံပြုလျှောက်ထားပါသည်ဘုရား။

စည်းလုံးညီညွတ်ရေး အပိုင်း (၅)တွင် သမဂ္ဂါနံ တပေါ သုခေါ အရ တပည့်တော်တို့ အချင်းချင်း ကာယသာမဂ္ဂီ, စိတ္တသာမဂ္ဂီဖြစ်ပြီး ညီညွတ်ကြမှ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပြီး မဂ်, ဖိုလ်ရကြောင်း တရားကောင်းတို့ကို အားထုတ်ဆည်းပူးနိုင်ကြမည် ဖြစ်ပါသည်၊ သို့မဟုတ် ဓမ္မ, အဓမ္မစသည်အားဖြင့် အငြင်းပွား ခိုက်ရန်များနေကြလျှင် ကိုယ်စိတ်ဆင်းရဲနေကြရရုံတွင်မက သူ့ဘက် ကိုယ့်ဘက် အသင်းအပင်းဖွဲ့လျက် ကိုယ့်သံဃာအချင်းချင်းပင် အထင်လွဲပြီး ကွဲပြားမှုဖြစ်နိုင်ပါသည်၊ ၎င်းကိစ္စနှင့် စပ်လျဉ်း၍ ဂိုဏ်းအတွင်းမှာ အချင်းချင်း ဓမ္မ, အဓမ္မစသည်ဖြင့် အငြင်းပွားမှု ဖြစ်ခဲ့ပေါ်လာကြပါက ၎င်း အငြင်းပွားမှုကို ကိုယ့်ဂိုဏ်းအတွင်းမှာပင် အေးငြိမ်းပြီးပြတ်အောင် ဆောင်ရွက်သင့်ပါတယ်၊ မြို့နယ်ရုံး, တိုင်းရုံးသို့ မရောက်သင့်ပါ၊ နှစ်ဦးနှစ်ဘက်လက်ခံကျေနပ်သော မဟာနာယက အနုနာယက ဆရာတော်များထံမှာ ဝိနိစ္ဆယခံယူသင့်ပါတယ်၊ ထိုသို့ ဝိနိစ္ဆယကို သဘာဝကျကျ ချမှတ်ပေးသည်ကို နားမထောင် မလိုက်နာဘူးဆိုပါက ဆရာတော်ဘုရားများအနေနှင့် ဘယ်လိုစီမံသင့်တယ်ဆိုတာကိုသာ ဆုံးဖြတ်ချက် ချပေးတော်မူကြပါ ဘုရား။

နောက်တခုက သာရေး နာရေးကိစ္စပါပဲဘုရား၊ သာရေးက အလှူအဒါန်း ပင့်ဖိတ်မှုပါဘုရား၊ ဒီကိစ္စကိုတော့ မိမိတတ်အားသမျှ မိမိသုံးသပ် ဒါယကာ၏စေတနာအင်အားနှင့် ဆုံးဖြတ်ရမည်ဖြစ်၍ လုံးဝထည့်သွင်းဖေဖန်ဖို့ မရှိပါဘုရား၊ နာရေးက ဂိုဏ်းအတွင်းရှိ ဆရာတော်ကြီးများနှင့် ရဟန်းသာမဏေများ ပျံလွန်တော်မူသောအခါ အချေအနေအရ ပုဂ္ဂိုလ်အလိုက် ထိုက်သင့်သလို ထောက်ပံ့ ကူညီသင့်ပါတယ်၊ ပုဂ္ဂိုလ်ကြီး ငယ်လိုက်၍ အကြောင်းကြားသင့်ပါတယ်၊ အကြောင်းကြားသိလျှင်လည်း ကူညီထောက်ပံ့သင့်ပါသည်။

ပုဂ္ဂလဓိဋ္ဌာန်ကျကျ ထုတ်ဖေါ် လျှောက်ထားရပါလျှင် ၁၃၄၃-ခုနှစ် ကဆုန်လဆန်း (၁၅)ရက် လပြည့်နေ့က သာကေတမှ ဂဏရက္ခိတ ဓမ္မာရုံဆရာတော်ဘုရားကြီး ပျံလွန်တော်မူပါတယ်၊ သို့အတွက် သထုံ, မော်လမြိုင်, ပြည်, မြန်အောင်, ပုသိမ်တို့သို့ အမြန်ဆုံးအကြောင်းကြားပါတယ်၊ ဒါပေမယ့် အချို့နေရာက လူကိုယ်တိုင်လာကြပါတယ်၊ အချို့နေရာက သတင်းမျှပေးပို့ကြပါတယ်၊အချို့နေရာက သတင်းလည်းမပို့ လူလည်းမလာ ရှိနေပါသည်၊ ဒီကိစ္စမှာ အားလုံးပဲ လူရော ဝတ္ထုကြေးငွေပါ ထောက်ပံ့ ကူညီသင့်တယ်လို့ ယူဆပါတယ်၊ ဂိုဏ်းကြီး ဂိုဏ်းငယ်အလိုက် ထောက်ပံ့ကူညီမှု အား ဖြည့်တင်းပေးမှု ရှိသင့်ပါသည်။

တပည့်တော်တို့ ကတိက ကျင့်ဝတ်လာအတိုင်း (၇)ရက်အတွင်း ပြီးပြတ်အောင် ကျင်းပသည့် ဈာပနကိစ္စမှာ ဂိုဏ်းအလိုက် ထိုက်သလို ကူညီသင့်ပါတယ်၊ (၇) ရက်မှကျော်လွန်ပြီး လ+နှစ်အထိထားလိုပါက ထားသူ၏တာဝန်သာဖြစ်ပါတယ်၊ ဂိုဏ်းသံဃာနှင့် မသက်ဆိုင်ပါ၊ ရရှိသည့် ထောက်ပံ့ကူညီမှုကိုလည်း ဈာပနကိစ္စအတွက် လှပပြည့်စုံအောင် ထောင့်စေ့အောင် မွမ်းမံပြုပြင်၍ ပိုလျှံမှ သံဃာအားလှူဒါန်းရန် အပိုအလျှံမရှိပါက လှူဒါန်းဖွယ်မလိုတော့ပါ။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား ... ယခုလျှောက်ထားတင်ပြသည့် အချက်အလက်များသည် ညီညွတ်မှုပင် ဖြစ်ပါသည်ဘုရား၊ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်အတွက် ဘယ်လိုထောက်ပံ့ကူညီသင့်သည်ဟု-သတ်မှတ်ချက် ထားပေးသင့်သည်ဟု သဘောရ၍ တင်ပြလျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ဘုရား ...။

စည်းကမ်းလိုက်နာရန် အခန်း (၆)အရ စည်းကမ်းလိုက်နာကျင့်သုံးမှုမှာ အဖွဲ့၏စည်းကမ်း ဂိုဏ်းဂဏစည်းကမ်းလို့ ဆိုလိုပါတယ်၊ အဲဒီ စည်းကမ်းချက် ကတိက· ကျင့်ဝတ်များကို လိုက်နာကျင့်သုံးဖို့ဘာဝန်က တပည့်တော်များ ဂိုဏ်းဝင်သံဃာများ၏ တာဝန်သာဖြစ်ပါတယ်၊ ၎င်းကျင့်ဝတ် စည်းကမ်းများကို တပည့်တော်များက တီထွင်ပြုလုပ်ထားခြင်း မဟုတ်ပါ၊ ရှေးရှေးဆရာတော်များက လောကသာသနာ နှစ်ဖြာသောကျင့်ဝတ်တို့နှင့် မဆန့်ကျင်စေပဲ သာသနာတော်နှင့် လျော်ကန်သည့်ကျင့်ဝတ်တို့သာ ဖြစ်ပါတယ်၊ ထိုဆရာတော်ကြီးများ၏ စီစဉ်ထားခဲ့သော ကျင့်ဝတ်များကို တပည့်တော်များ အစဉ် ထာဝရ လိုက်နာကျင့်သုံးရပါမည်။

"ယော ခေါ မယာ အာနန္ဒ ဓမ္မော ဒေသိတော ဝိနယော စ ပညတ္တော၊ သော မမစ္စယေန သတ္ထာ" ဟူသော ဒေသနာတော်ကို မှီငြမ်းပြု၍ လျှောက်ထားရပါလျှင် ဘုရားမြတ်စွာသည် သုတ်-ဝိနည်း အဘိဓမ္မာ သုံးဖြာကို တပည့်သာဝကများအတွက် ဟောကြားပညတ်ထားခဲ့ပါတယ်၊ ထိုသုတ် ဝိနည်း အဘိဓမ္မာဒေသနာသည် ဘုရားပရိနိဗ္ဗာန်ဝင်စံသော်လည်း လိုက်နာ ကျင့်သုံးကြသူများအတွက် ဆရာမမဲ့ ဘုရားမကွယ် သက်တော်ထင်ရှား ရှိနေဘိအလားကဲ့သို့ အားထားမှီခိုရာဖြစ်ကြီးဖြစ်သကဲ့သို့ တပည့်တော်တို့မှာလည်း ကတိကကျင့်ဝတ် စည်းကမ်းကို တီထွင် စီစဉ်တော်မူခဲ့ကြသော ဆရာတော်ဘုရားကြီးများ ကွယ်လွန်ကင်းပျောက်သွားကြပါသော်လည်း စည်းမျဉ်း စည်းကမ်း

ကျင့်ဝတ်ကို လိုက်နာကျင့်သုံးကြမည်ဆိုပါက ထိုဆရာတော်ရာရားကြီးများ သက်တော်ထင်ရှား ရှိသကဲ့သို့ တပည့်တော်များ၏ မျက်မှောက်မှာ သပွါယ်ကြည်ညိုစရာ ရှိနေကြပါတယ်။

ထိုကတိကကျင့်ဝတ်ကလည်း ဝိနည်းဒေသနာနှင့် ကိုက်ညီသောကျင့်ဝတ်များသာ ဖြစ်ကြပါတယ်၊ ဆန့်ကျင်မှုဘခုမှ မရှိကြပါဘူး၊ ထိုဝိနည်းဒေသနာကလည်း ခေတ်ပြောင်းလို့ လိုက်ပြီးပြောင်းနိုင်ခွင့်မရှိပါဘူး၊ မူလက ပညတ်သည့်အတိုင်းပင် လိုက်နာကျင့်သုံးမှ လျော်ညီမည်ဖြစ်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်များ၏ ရှေးရှေးဆရာတော်ကြီးများ စီမံခဲ့သော ကျင့်ဝတ်များကို မပျောက်ပျက် မညှိုးမှိန်ရအောင် စောင့်ရှောက် ထိန်းသိမ်း သွားကြပါစို့....ဟု အမိဋ္ဌာန်ပြုရင်း နိဂုံးကမွတ် အဆုံးသတ်ပါရစေဘုရား....။

ပျောက်ထားတင်ပြသူ

သုန္ဒရ

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်

ဝေဠုဝန်နိကာယဂိုဏ်း ဗဟိုအကျိုးတော်ဆောင်ချုပ်

ဝေဠုဝန်ကျောင်းတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

၁၁ အစီအစဉ်အရ - ပြည်နယ်/တိုင်း မြို့နယ်အသီးသီးတို့မှ အကျိုးတော်ဆောင် ဆရာတော်များက အောက်ပါအတိုင်း အစီရင်ခံတင်ပြလျှောက်ထားကြပါသည်။

## ပုသိမ်မြို့နယ် ဝေဠုဝန်နိကာယဝင် သံဃာတော်များ၏

## တင်ပြလျှောက်ထားအစီရင်ခံလွှာပါဘုရား

ဗိနေဝ မယံ ဇယံ ဒေတု။ ။ဘုရားတပည့်တော်များ ပုသိမ်နယ်အတွင်းရှိ ဝေဠုဝန်ဂိုဏ်းဝင် သံဃာတော်များ၏ အခြေအနေမှာ ကျန်ခဲ့တဲ့ (၁၀)နှစ်ပိုင်းလောက်မှာ အေးအေးဆေးဆေးရှိနေခဲ့သော်လည်း ၁၃၄၂ ခုနှစ်မှစ၍ ဂိုဏ်းဂဏကြီးပွားတိုးတက်ရေးကို နယ်မြေအလိုက် တက်တက်ကြွကြွဆောင်ရွက်လျက်ရှိနေပါတယ်ဘုရား၊ ၁၃၄၂-ခု၊ ၁၃၄၃-ခုနှစ် အခြေအနေကို နှိုင်းယှဉ်ကြည့်လျှင် ကျောင်းအရေအတွက် သံဃာအရေအတွက်အနေနှင့် ထူးခြားပြောင်းလဲမှု မရှိပါ၊ ဝေဠုဝန်ဂိုဏ်း၏ ဩဝါဒါစရိယ ဖြစ်တော်မူသော ပုသိမ်မြို့ ပရဟိတ ဇေတဝန်ကျောင်း ဆရာတော် ဦးမဟာဝံသ (သက်တော်-၈၀၊ ဝါတော်- ၆၀)သည် ဘဝနတ်ထံစံလွန်တော်မူသွား၍ ဩဝါဒါစရိယဆရာတော် တပါး လစ်လပ်သွားတာပင်ရှိပါသည် ဘုရား။

စည်းလုံးညီညွတ်မှုနှင့် ပညာရေး တိုးတက်မှုအခြေအနေကို တင်ပြရလျှင်၊ ၁၃၄၃-ခု သီတင်းကျွတ် လဆုတ် ၈-ရက်နေ့က ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ ပုသိမ်ခရိုင်အတွင်းရှိ (မြောင်းမြ သာပေါင်း-ပုတော-ကျောင်းကုန်း ပုသိမ် မြို့နယ်များမှ ဝေဠုဝန်ဂိုဏ်းဝင် ဆရာတော်များစုဝေး၍ ဂိုဏ်းဂဏအခြေအနေများကို သုံးသပ်ဆွေးနွေးကြရာ ဂိုဏ်းတိုးတက်မှုအတွက် အကောင်းဆုံးဟုယူဆရသော ပုသိမ်ခရိုင် ဝေဠုဝန်စာတော်ပြန်ပွဲ ကျင်းပရေးကို တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ပါသည်၊ ဆုံးဖြတ်ပြီး ဝေဠုဝန်နိကာယစာပြန်ပွဲ အမှုဆောင် ဆရာတော်များအဖွဲ့ကို ဖွဲ့စည်း၍ တနှစ်ကြိုတင် လှုပ်ရှားဆောင်ရွက်လာခဲ့ပါသည်၊ ယခု ၁၃၄၃-ခု သီတင်းကျွတ်လဆုတ် ၈-ရက်နေ့တွင် ပုသိမ်ခရိုင် ဝေဠုဝန်ဂိုဏ်းဝင်ဆရာတော်များ စုံညီအစည်းအဝေး ထပ်မံကျင်းပကာ စာပြန်ပွဲတော်အတွက် အသေးစိတ် ညှိနှိုင်းဆုံးဖြတ်တော်မူကြပါသည်၊ ၁၃၄၃-ခုနှစ် တပို့တွဲလဆန်း ၁၃-ရက် ၁၄-ရက် ၁၅-ရက်များ၌ ပထမအကြိမ် ပုသိမ်အခြေခံဒေသ ဝေဠုဝန်နိကာယစာတော်ပြန်ပွဲကို ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်—

၎င်းစာပြန်ပွဲအတွက် အခက်အခဲတခုမှာ စာပြန်ပွဲရက်အတွင်း တရားပွဲမကျင်းပနိုင်ခြင်းဖြစ်ရပါသည်၊ ပထမအကြိမ်ဖြစ်သည်အားလျော်စွာ အခက်အခဲချို့ယွင်းချက်များ ရှိနေသေး၍ ဒုတိယအကြိမ်မှစကာ တစထက်တစ တနှစ်ထက်တနှစ် ကောင်းသည်ထက်ကောင်း တိုးတက်သည်ထက် တိုးတက်အောင် ဝေဠုဝန်နိကာယဂိုဏ်း ကြီးပွားရေးကို ရှေးရှု၍ ဇွဲလုံ့လအပြည့်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားပါသည်ဘုရား။

၁၃၄၃-ခုနှစ်၊ တပို့တွဲလဆုတ် (၁၀)ရက်နေ့တွင် ကျင်းပအပ်သော ဝေဠုဝန်နိကာယဂိုဏ်း နှစ်ပတ်လည်မဟာသင်္ဃပါတ အစည်းအဝေးတွင် ဧရာဝတီတိုင်း ဟင်္သာတ အခြေခံဒေသ- ရတနာ

သိမ်ရိကျောင်းတိုက်မှ အကျိုးဆောင်တပါးအနေဖြင့် အခန်းကဏ္ဍ(၂) ပိုင်း တင်ပြအစီရင်ခံပါသည် အရှင်မြတ်တို့ဘုရား။

အခန်း (၁) တိုးတက်ဆုတ်ယုတ်မှုအခန်း–

တပည့်တော်များ၏ ရောဝတီတိုင်း ဟင်္သာတ အခြေခံဒေသဖြစ်သော ဟင်္သာတ ဇလွန် လေးမျက်နှာ၊ သုံးမြို့နယ်အတွက် သံဃာ အတိုးအဆုတ် စာရင်းမှာ ၁၃၄၂-ခုနှစ်၊ ဝါဆိုသံဃာ စာရင်းအရ ဟင်္သာတမြို့နယ် (၁၁)၊ ဇလွန်မြို့နယ် (၁)၊ လေးမျက်နှာမြို့နယ် (၁) စုစုပေါင်း (၁၃) ကျောင်းဖြစ်ပြီး (က) ရဟန်းတော် (၅၀) နှင့် သာမဏေ (၁၂၀) စုစုပေါင်း (၁၇၀) ဖြစ်ပါသည်ဘုရား။

၁၃၄၃-ခုနှစ်၊ ဝါဆိုသံဃာစာရင်းအရ ဟင်္သာတမြို့နယ် (၁၁)၊ ဇလွန်မြို့နယ်(၁) ပေါင်း (၁၂) ကျောင်းဖြစ်ပြီး (က)ရဟန်းတော် (၄၆)ပါးနှင့် သာမဏေ (၉၁)ပါး ပေါင်း (၁၃၇)ပါး ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ၁၃၄၃-ခုနှစ်မှာ နိကာယဝင်(၂)ကျောင်းနှင့် ရဟန်းတော်(၄)ပါး သာမဏေ (၂၉)ပါး စုစုပေါင်း (၃၃)ပါး လျော့နည်းသွားပါသည် အရှင်ဘုရား။

တပည့်တော်များအနေဖြင့် နိကာယတွင်းမှာ အကျယ်အကျယ်ဖြစ်ပွားမှာ စိုးရိမ်သည့်အတွက် ကြောင့် ဂိုဏ်းတပါးသို့ ကူးပြောင်းသွားသော ကျောင်းများကို ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့ ကြောင်းကို ဂဏာဓိပတိ၊ ဂဏရက္ခိတ ဆရာတော်ကြီးများနှင့်တကွ နိကာယဝင် ဆရာတော်များကို တင်ပြအစီရင်ခံပါသည် အရှင်မြတ်ဘုရား။

အခန်း (၂) တည်တံ့ခိုင်မြဲမှု အခန်း–

တပည့်တော်များ၏ ဟင်္သာတအခြေခံဒေသမှ နိကာယဝင်ကျောင်းများမှာ လက်ရှိပညာရေး စနစ်နှင့်အတူ လောကမြို့နယ်လုံးဆိုင်ရာ အမျိုးသား ပရိယတ္တိစီမံကိန်းနှင့်အညီ နှစ်စဉ်ရာနှုန်းပြည့်အောင် မြင်မှုရရှိပြီး ဟင်္သာတမြို့နယ် ဝေဠုဝန်နိကာယတွင် ဂိုဏ်းပေါင်းစုံမှ ချမှတ်ထားသည့် ဖွဲ့စည်းပုံ လုပ်ထုံးလုပ်နည်းအရ ဟိုင်းနာယက(၁)ပါး မြို့နယ်နာယက (၅)ပါး မြို့နယ်ဝိနည်းဓိုရ် (၄)ပါး ဖြစ်ပြီး မြို့နယ်နာယကများကြီးမှူး၍ ဝိနိစ္ဆယဆင့်ပွား သင်တန်းများနှင့် ဝေဠုဝန်နိကာယဂိုဏ်း စည်ပင် ပြန့်ပွားရေးကို ဆောင်ရွက်လျက် ရှိပါကြောင်း တင်ပြအစီရင်ခံရင်း နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား ။

ဦးနာရဒ
အကျိုးဆောင်
ရတနာသိမ်ရိကျောင်းတိုက်၊ ဟင်္သာတမြို့။

## ရေဝတီတိုင်း ဝေဠုဝန်နိကာယဂိုဏ်း အင်ပူမြို့နယ် အကျိုးတော်ဆောင်၏ တင်ပြ လျှောက်ထားလွှာပါ ဘုရား

ဆရာတော် အရှင်သူမြတ်တို့ဘုရား ဝေဠုဝန်နိကာယဂိုဏ်း ရေဝတီတိုင်း အင်ပူမြို့နယ် အကျိုးတော်ဆောင် တပည့်တော် အရိယဝံသ ရိုသေစွာလျှောက်ထားပါသည်၊ ဂဏာဓိပတိ ဩဝါဒါစရိယ ဂဏရက္ခိတ မဟာနာယက အနုနာယက အကျိုးဆောင်နှင့်တကွ ကြွရောက်လာကြသော သံဃာတော် အရှင်သူမြတ်တို့ဘုရား တပည့်တော်တို့ အင်ပူမြို့နယ်၌ ကျောင်းပေါင်း (၃၀) ရဟန်း (၆၄)ပါး သာမဏေ (၆၅)ပါး ပေါင်း (၁၂၉)ပါး ရှိပါသည်။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား အင်ပူမြို့နယ်၌ ဩဝါဒါစရိယ ဆရာတော် (၃)ပါး ရှိပါသည်၊ မဟာနာယကဆရာတော်(၂) ပါး၊ အနုနာယကဆရာတော်(၂) ပါး၊ အကျိုးဆောင်ဆရာတော် (၃)ပါး ရှိပါသည်ဘုရား၊ တပည့်တော်တို့ အင်ပူမြို့နယ်မှ သံဃာတော်များသည် ပဋိပတ္တိသာသနာတော်နှင့် မြန်အောင်မြို့ ဝေဠုဝန်နိကာယစာတော်ပြန်ပွဲ ဟင်္သာတမြို့ အမျိုးသား ပရိယတ္တိစာမေးပွဲ အစိုးရပထမပြန်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုကြပြီး ပရိယတ္တိသာသနာတော်မြတ်ကို ကြိုးစားအားထုတ်လျက်ရှိကြပါသည် ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား။

မြန်အောင်

## ရေဝတီတိုင်း၊ မြန်အောင်မြို့နယ် အကျိုးဆောင်မှ နှစ်ပတ်လည်-ဝေဠုဝန်နိကာယ အစည်းအဝေးပွဲ၌ အစီရင်ခံစာတင်သွင်း လျှောက်ကြားလွှာ

မဟာနာယကာဓိပတိ သာသနာပိုင် ဆရာတော်ဘုရားကြီး ဦးထိပ်ထားလျက်– ဂဏရက္ခိတ ဩဝါဒါစရိယ· မဟာနာယက အနုနာယက အကျိုးတော်ဆောင်များမှစ၍ နာယကစည်းဝေးပွဲ ဆင်နွဲကြလာ ထေရ်သံဃာအရှင်မြတ်တို့ဘုရား–

ဝေဠုဝန်နိကာယဂိုဏ်း ရေဝတီတိုင်း မြန်အောင်မြို့နယ်တွင် ယခု (၁၃၄၃) ခုနှစ်၊ ဝါဆို သံဃာနှင့် ကျောင်းများအရေအတွက်မှာ–

(၁) ကျောင်းပေါင်း (၅၃)ကျောင်းရှိပါ၍ ရဟန်းတော်ပေါင်း (၁၁၃)ပါး(၁၂)နှစ်မှ အထက် သာမဏေ(၁၅၂)ပါး၊ (၁၂)နှစ်အောက် သာမဏေ (၃၆) ပါး၊ စုစုပေါင်း သာမဏေ (၁၈၈)ပါး၊ ရဟန်း သာမဏေ စုစုပေါင်း (၃၀၁)ပါး ရှိပါသည်ဘုရား။

၎င်းအနက်မှ–

(၁) ဩဝါဒါစရိယဆရာတော် (၃) ပါး၊

(၂) မဟာနာယကဆရာတော် (၂) ပါး၊

(၃) အနုနာယကဆရာတော် (၆) ပါး၊

(၄) အကျိုးတော်ဆောင် (၄) ပါး ရွေးချယ်တင်မြှောက်ခဲ့ပါသည်ဘုရား။

ယခုအခါတွင် အနုနာယကဆရာတော် (၁) ပါး လစ်လပ်သွားပါသဖြင့် မြန်အောင်မြို့နယ်· ဆန်နီချောင် ဇေယျသိဂီဆရာတော် (ဦးအာသဘ)အား (အစားသွင်း) တင်မြှောက်ပေးပါရန် ရှိသေစွာ အစီရင်ခံပါသည်ဘုရား။

မြန်အောင်မြို့နယ် ဝေဠုဝန်နိကာယ–

| | | | |
|---|---|---|---|
| ၁၃၄၂-ခုနှစ်က | (၅၆) ကျောင်း၊ | ကျောင်း | (၃)လျော့နဲ |
| ရဟန်းတော်- | (၁၁၆)ပါး၊ | ရဟန်း | (၃)လျော့နဲ |
| သာမဏေ- | (၁၉၁)ပါး၊ | သာမဏေ | (၃)လျော့နဲ |
| ပေါင်း | (၃၀၇)ပါး၊ | | |

## ကြံခင်းမြို့နယ် ဝေဠုဝန်နိကာယ-သာသနာရေး အခြေအနေ

# လျှောက်ထားသွားပါဘုရား

၁၃၄၃-ခုနှစ်၊ တပို့တွဲလဆုတ် (၁၀၊ ၁၁၊ ၁၂)ရက်နေ့များတွင် မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် မရမ်းရွာ စမ်းကျောင်းတိုက်အတွင်း ကျင်းပအပ်သော အစည်းအဝေးကြီးတွင် အစည်းအဝေးကြီး၏ သဘာပတိဖြစ်တော်မူသော ဂဏာဓိပတိ ဝေဠုဝန်နိကာယ သာသနာပိုင် ဆရာတော်ဘုရားကြီးအား အစဉ်းအမှူးထား၍ အစည်းအဝေးကြီးသို့ ကြွရောက်သာကြသော ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား၊

ဘုရားတပည့်တော်သည် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်မှ ဝေဠုဝန်နိကာယ အကျိုးဆောင် ကနကာရုံဘုန်းကြီး ဉာဏိကဖြစ်ပါသည် အရှင်ဘုရား။

ဘုရားတပည့်တော်အနေနဲ့- ဂဏာဓိပတိ ဆရာတော်ဘုရားကြီး အမှူးထား၍ ယခုအစည်းအဝေးပွဲကြီးသို့ ကြွရောက်တော်မူသာကြသော ဆရာတော် သံဃာတော် အရှင်မြတ်များအား ကြံခင်းမြို့နယ် ဝေဠုဝန်နိကာယဂိုဏ်း(သာသနာရေးအခြေအနေ)ကို တင်ပြ လျှောက်ထားပါရစေဘုရား။

ဘုရားတပည့်တော်များ ကြံခင်းမြို့နယ်အတွင်းတွင် ဝေဠုဝန်နိကာယဂိုဏ်းဝင် ကျောင်းပေါင်း(၄၃)ကျောင်းမျှ ရှိ၍ ရဟန်း, သာမဏေ စာရင်းမှာ (၁၃၄၃-ခုနှစ်၊ ဝါဆိုသံဃာစာရင်းအရ)ရဟန်းတော်(၈၀)ပါးနှင့် သာမဏေ(၆၃)ပါး၊ စုစုပေါင် (၁၄၃)ပါး နေထိုင်သီတင်းသုံးကြပါတယ်ဘုရား။

ထိုကဲ့သို့ နိကာယဂိုဏ်းဝင် ၄၃-ကျောင်းရှိ ၁၅၀-နီးပါးမျှသော ရဟန်း သာမဏေများအား (ဓမ္မဝိနယနှင့်အညီ ဝေဠုဝန်နိကာယ စည်းမျဉ်းဥပဒေနှင့်အညီ စီမံအုပ်ချုပ်တော်မူကြသော (ဝေဠုဝန်နိကာယဝန်ဆောင် သာသနာ့ဝန်ဆောင်) ဖြစ်တော်မူကြသော ဆရာတော်ကြီးများမှာ နိုင်ငံတော် သံဃမဟာနာယက ဂဏရက္ခိတ ဓမ္မစကြာဆရာတော်ကြီး အပါအဝင်—

(က) ဂဏရက္ခိတ ဆရာတော် (၁)ပါး၊ (ခ) ဩဝါဒါစရိယ ဆရာတော် (၁)ပါး၊

(ဂ) မဟာနာယကဆရာတော်(၂)ပါး၊ (ဃ) အနုနာယက ဆရာတော် (၄)ပါး၊

ဤဆရာတော်ကြီး (၈)ပါးတို့က စီမံအုပ်ချုပ်လျက် ရှိကြပါတယ်ဘုရား။

ဂိုဏ်းဂဏဝင်(၁၅၀)နီးပါးမျှသော ရဟန်း သာမဏေများသည် ဤ(ဝေဠုဝန်နိကာယဝန်ဆောင် သာသနာ့ဝန်ဆောင်) ဖြစ်တော်မူကြသော ဆရာတော်ကြီး(၇) ပါးတို့၏ စီမံအုပ်ချုပ်မှု ဩဝါဒပေးမှုများကို ခံယူကြရပါသဖြင့် သာသနာတော်ကြီးအတွက် သော်လည်းကောင်း၊ ဝေဠုဝန်နိကာယဂိုဏ်းကြီးအတွက် သော်လည်းကောင်း သေးသိမ်မှေးမှိန်ဖွယ်ရာ အမှုအခင်းတစုံတရာမျှ မပေါ်ပေါက်ပဲ စည်းလုံးညီညွတ်စွာဖြင့် သာသနာ့ဝန်များကို ထမ်းဆောင်လျက် ရှိကြပါတယ်ဘုရား။

ယခု ဆက်လက်ပြီး မြို့နယ်အတွင်းရှိ ရဟန်းသာမဏေများ၏ သာသနာရေး ဆောင်ရွက်ချက်များကို လျှောက်ထားပါမယ်ဘုရား။

သာသနာရေးဆောင်ရွက်ချက်များမှာ- ဝေဠုဝန်ဂိုဏ်းကြီး၏ ကျက်သရေဆောင်ဖြစ်သော (ရှေးအခေါ်- ဟသ်ာတခရိုင်လုံးဆိုင်ရာ) ဝေဠုဝန်နိကာယ ပရိယတ္တိစာပြန်ပွဲကြီးဟာ မြန်အောင်မြို့ ဝေဠုဝန်ကျောင်းတိုက်ကြီးတွင် တည်ရာဌာန ထားလျက် နှစ်စဉ် ကျင်းပခဲ့ရာ ယခုနှစ်ဆိုယင် (၆၃)ကြိမ်မြောက် ကျရောက်ခဲ့ပါပြီဘုရား။

ထိုကျင်းပမြဲဖြစ်သော စာတော်ပြန်ပွဲကြီးတွင်လည်း ကြံခင်းမြို့နယ်အတွင်းရှိ ရှင်ငယ်, ရဟန်းငယ်များသည် (ဂုဏ်ထူးဆောင်တန်းများအပါအဝင်) အာဂုံ ရေးဖြေ အထွေထွေသော အတန်းမှာ ဝင်ရောက်ဖြေဆိုကြလျက် ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက်ရှိကြပါတယ်ဘုရား။

ပရိယတ္တိရေးရာကို လျှောက်ထားပြီးတဲ့နောက် ပဋိပတ္တိနှင့် ပတ်သက်လို့လဲ ဘုရားတပည့်တော် အနေနဲ့ လျှောက်ထားပါရစေဘုရား။

တပည့်တော်များ ကြံခင်းမြို့နယ်အတွင်းရှိ နိကာယဂိုဏ်းဝင် ကျောင်းထိုင် ကျောင်းပိုင် ဆရာတော်များသည် မိမိတို့ကိုယ်တိုင် စွမ်းဆောင်အားအလျောက် နှလုံးသွင်းပွားများ အားထုတ် ကြသလို မိမိတို့နှင့်ပတ်သက်သော တပည့်ဒါယကာ ဒါယိကာမများအားလည်း အဓိဋ္ဌာန်ပါရမီ မြောက်နိုင်ရန် (၇-ရက်စခန်း၊ ၁၀-ရက်စခန်း)စသည် ဖွင့်ပေးလျက် အားထုတ်စေခြင်းဖြင့် ပဋိပတ္တိ သာသနာ့တာဝန်ကိုလည်း ကြိုးပမ်းအားထုတ်လျက် ရှိကြပါတယ်ဘုရား။

သို့ပါ၍ တပည့်တော်များ ကြံခင်းမြို့နယ် ဝေဠုဝန်နိကာယ သာသနာရေး အခြေအနေမှာ နိကာယဂိုဏ်းဝင် (၁၅၀)နီးပါးမျှသော ရဟန်း သာမဏေများသည် ဂဏာဓိပတိ ဖြစ်တော်မူသော ဝေဠုဝန်နိကာယသာသနာပိုင် သက်တော်ရှည် ဆရာတော်ဘုရားကြီး၏ ဘုန်းတော်ရိပ် သီလ သမာဓိ ပညာတော်ရိပ် ခိုလှုံကာ—

မြို့နယ်အတွင်းရှိ ဝေဠုဝန်နိကာယဝန်ဆောင် သာသနာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ စီမံအုပ်ချုပ်မှု ဩဝါဒပေးမှုများကို ခံယူကြလျက် ချမ်းမြေ့စွာပင် သာသနာ့တာဝန်များကိုထမ်း ဆောင်လျက်ရှိပါကြောင်း လျှောက်ထားယင်း မဟာနာယကာဓိပတိ သက်တော်ရှည် ဆရာတော် ဘုရားကြီး အမှူးထား၍ အစည်းအဝေးသဘင် ဆင်ယင်ကျင်းပရာသို့ ကြွရောက်တော်မူလာကြ သော နိကာယဂိုဏ်းဝင် ဆရာတော် သံဃာတော် အရှင်မြတ်များသည် ကိုယ်စိတ်နှလုံး ရွှင်ပြုံး စွာဖြင့် သက်တော်ရာကျော် ရှည်တော်မူကြလျက် ဂိုဏ်းဂဏာဘာဝန် သာသနာ့တာဝန်တို့ကို အားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူကြပါစေကြောင်း ဆုတောင်းစကား လျှောက်ထားပြီး ဘုရားတပည့် တော်၏ ကြံခင်းမြို့နယ် ဝေဠုဝန်နိကာယ သာသနာရေး အခြေအနေ လျှောက်ထားလွှာကို ဤတွင်ပဲ အဆုံးသတ်ခွင့်ပြုတော်မူပါဘုရား။

## ပဲခူးတိုင်း ပြည်မြို့နယ် ဝေဠုဝန်နိကာယဂိုဏ်းမှ

နှစ်ပတ်လည် သံဃနာယက အစည်းအဝေးကြီးသို့ တနှစ်တာအတွင်း ဆောင်ရွက်ချက်များကို

# တင်ပြလျှောက်ထားလွှာပါဘုရား

ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား—

၁။ ဘုရားတပည့်တော်တို့၏ ဝေဠုဝန်နိကာယ ဂိုဏ်းကြီးသည် ပဲခူးတိုင်းအတွင်း အခြေခံဒေသ(၄)ခု ရှိသည့်အနက် သာယာဝတီ အခြေခံဒေသနှင့် ပြည်အခြေခံဒေသ(၂)ခုသာရရှိခဲ့ပြီး ပဲခူး အခြေခံဒေသနှင့် တောင်ငူအခြေခံဒေသတို့မှ လုံးဝ မရရှိခဲ့ပါ၊သာယာဝတီအခြေခံဒေသ (၈)မြို့နယ် ထဲမှာလည်း အုတ်ဖို၊ မိုးညို၊ မင်းလှ သုံးမြို့နယ်သာ ရရှိခဲ့ပါတယ်ဘုရား၊ ဒါလုပ်ထုံးလုပ်နည်းနှင့် အညီ ဖွဲ့စည်းပုံအရ လျှောက်ထားတာပါဘုရား၊ ကြို့ပင်ကောက်၊လက်ပံတန်း တို့မှလည်း အနည်း ငယ်စီတော့ ရရှိပါသေးသည်ဘုရား။

